# မီးခိုးရောင်ကြွင်းတဲ့ ညဥ့်ဦးယံ

ဏီလင်းညို

ရွှေအိမ်စည်မေ



ရ သ ဝ တ္ထု တို စု စည်း မှု

## မီးခိုးရောင်ကြွင်းတဲ့ ညဥ့်ဦးယံသို့

ဏီလင်းညိုနှင့် ရွှေအိမ်စည်မေတို့၏ "မီးခိုးရောင် ကြွင်းတဲ့ ညဥ့်ဦးယံ" ဝတ္ထုတိုများကို ဖတ်ရခိုက် ကျွန်မရင်ထဲမှာ ပီတိဖြစ်မိပါသည်။ ရေးအားကောင်းသော လူငယ် (၂)ယောက်၏ ဝတ္ထုတိုလက်ရာကောင်းများကို ဖတ်ရသဖြင့်ပါ။

ဝတ္ထုတိုတစ်ပုဒ်ချင်းကပေးသည့် လူ့ဘဝအပေါ်အမြင်နှင့် လူငယ်တို့၏ ခံစားမှုကိုဖတ်ရင်း ထိုသို့သော လူငယ်စာရေးဆရာများ ရှိနေသဖြင့် ရသစာပေ ကျရှုံးသွားပြီ ရသစာပေကို အရင်ကလို ဒီနေ့ခေတ်လူငယ်တွေ ရေးနိုင်စွမ်း မရှိကြဘူးဆိုသည့် အယူအဆတချို့ကို ကျွန်မ လက်မခံနိုင်ပါ။ ယနေ့ခေတ် လူငယ်တွေမှာ ရေးစရာ မဂ္ဂဇင်းရှားပါးပေမယ့် Online မဂ္ဂဇင်းတွေမှာ ရေးခွင့်ရကြသည်။ ဏီလင်းညိုနှင့် ရွှေအိမ်စည်မေတို့မှာ Online မဂ္ဂဇင်းတွေမှာ ရေးကြသလို၊ ပုံနှိပ်စာမျက်နှာတွေပေါ်မှာလည်း ရေးအားရှိကြသည်။ သူတို့မှာ လတ်ဆတ်သော ခံစားမှုနှင့်အတူ ရေးနိုင်စွမ်းအားတွေ ရှိကြသည်။ သူတို့လက်ရာတွေက ရသစာပေအတွက် လူငယ်စာဖတ် ပရိသတ်ကို ဆွဲဆောင်နိုင်ကြလိမ့်မည်။ သူတို့နှင့်အတူ ခံစားဖို့ သူတို့နှင့်အတူ သူတို့ ဖြတ်သန်း ရသည့်ခေတ်ကို အတူကြည့်မြင်ဖို့ ဖိတ်ခေါ်ပေလိမ့်မည်။ မြန်မာဝတ္ထုတိုနှင့် ရသစာပေ မပျောက်ဆုံးအောင် ဖတ်ရှုခံစားသူ စာဖတ်ပရိသတ်လူငယ်များနှင့် ရေးသားကြသူ စာရေးဆရာ လူငယ်များကပင် နောက်မျိုးဆက်ကို လက်ဆင့်ကမ်းကြပေလိမ့်မည်။

ဏီလင်းညို၏ "ကမ္ဘာတည်မယ့်ကဗျာ" ဝတ္ထုတိုသည် ကျောင်းပြေးပြီး ဒဂုန်စင်တာမှ 3D ရုပ်ရှင်ကြည့်၊ ကွန်ပျူတာဂိမ်းဆော့နိုင်သည့် အင်တာနက်ဆိုင်မှာ

ဆော့ကြပြီး ဘီယာဆိုင်မှ အပြန် ကားဌားကြခိုက် ဖခင်မောင်းသည့် တက္ကစီကိုမှ ဌားမိလျက်သား ဖြစ်သွားသည့် ဂဏ္ဍာဆိုသော လူငယ်ကလေး။

တစ်ခါပြေး တစ်ခါမိဆိုသလို ဖခင်နှင့် ရင်ဆိုင်ရခိုက် ဖခင်မုဆိုးဖိုကြီးမှာ သားကို အရာရာ ဦးစားပေးခဲ့သူမို့ ပညာရေးကို အလေးမထားသည့် သားကို လက်သီးနှင့်ထိုးပြီး ဆုံးမလိုက်မိသည်။

ဂဏ္ဍာက အဖေကို စိတ်နာကာ အိမ်ကထွက်သွားတော့မည်ပြင်ကာ ဖခင်အခန်းထဲမှ ပိုက်ဆံရှာကာမှ သူငယ်ငယ် သူငယ်တန်းက စာအုပ်လေးတွေအစ သိမ်းထားတတ်တဲ့ ဖေဖေ သားအပေါ် မျှော်လင့်ချက်ကြီးမားလွန်းသည့် ဖခင်မေတ္တာကို သိရှိလိုက်ရပုံ။

လူငယ်တစ်ယောက်၏ ခံစားမှုနှင့် လူကြီးတစ်ယောက်၏ မေတ္တာတို့ကို ထိထိရှရှ တင်ပြရေးဖွဲ့သွားနိုင်တာကို တွေ့ရသည်။

"စက္ကူရှက်လှေ" ဝတ္ထုတိုကတော့ ရန်ကုန်မြို့ကို ရောက်ရှိလာပြီး ကာရာအိုကေမှ သီချင်းဆိုကာ အသက်မွေးရသည့် မိန်းကလေးတစ်ယောက် ကိုယ်ပိုင်ဘဝ တည်ဆောက်ဖို့ ကြိုးစားရင်း ကိုယ်ပိုင်နှလုံးသားမှ ချစ်ရသောသူဖြင့်သာ အိမ်ရာထူထောင်လိုသူ မိန်းကလေး တစ်ယောက်၏ ဘဝလေးကို ရေးဖွဲ့ထားခဲ့သည်။ ဏီလင်းညိုက

"ဘဝဆိုသည်မှာ အချိုးအကွေ့များလွန်းလှသော ရှည်လျားသည့် မြစ်တစ်စင်းဟု လူတချို့က တင်စားတတ်ကြခြင်းအား သူ မကြားခဲ့ဖူး၏ ။ ထိုတင်စားချက်အတိုင်းဆိုလျှင် သူမသည် ထိုမြစ်အတွင်းမှာ စက္ကူလှေဖြင့် ခရီးထွက်ရန် ကြိုးစားမိခဲ့သော မိန်းကလေးတစ်ယောက်သာ ဖြစ်လိမ့်မည်" ဟု သော်တာဆိုသည့် မိန်းကလေး၏ ဘဝကို ရေးသားခဲ့သည်။

ကျွန်မကြိုက်သည့် နောက်တစ်ပုဒ် "အမှည့်လွန်သွားသည့်နောက်" ဏီလင်းညိုက သစ်သီးများမှာ အမှည့်လွန်သွားတာ မဟုတ်ဘဲ တစ်ယောက်နှင့်

တစ်ယောက် မိတ်ဆွေဖြစ်မှု၊ ခင်မင်မှုမှာလည်း "အမှည့်လွန်" သွားတတ်ပုံကို ရေးပြထားသည်။ လူ့စရိုက်လူ့ဘဝကို လူငယ်တစ်ယောက်၏ ခံစားမှုဖြင့် ရေးဖွဲ့ထားသော ဝတ္ထုတို့၏ ဥပမာပေးပုံက လေးစားစရာ ဖြစ်သည်။ သူငယ်ချင်းအကြောင်းကို သိသွား၊ နားလည်သွားရပေမယ့် မသိချင်ဟန် ဆောင်နေလိုက်ရပုံ၊ တစ်ယောက်နှင့် တစ်ယောက်ကြား ထားရှိသည့် ခင်မင်မှုနှောင်ကြိုးသည် ရံဖန်ရံခါ အတ္တကို ထိလာသည့်အခါ သူစိမ်းတရံဆံ ဖြစ်မသွားသော်လည်း အမှည့်လွန်သစ်သီးလို ဖြစ်သွားတတ်ပုံကို ရေးပြထားသည်။

လူငယ်နှစ်ယောက်၏ ချစ်ခြင်းမေတ္တာအပေါ် ရိုးသားပွင့်လင်းကြပုံ တစ်ယောက်နှင့် တစ်ယောက် စိတ်လှုပ်ရှားခိုက် ချစ်သည်ထင်ခဲ့မိကြပုံ။ နောက်ဆုံး တစ်ယောက်ကို တစ်ယောက် "ဟိုတုန်းကလိုပဲ နေကြပါစို့" ဟု တိုင်ပင်မိကြမှ စိတ်ရှင်းကြရပုံမှာ သူငယ်ချင်းနှစ်ယောက်၏ ရိုးသားသော မေတ္တာဖွဲ့ပင် ဖြစ်ပါသည်။

ရွှေအိမ်စည်မေ၏ "ညဥ့်ဦးယံ" ဝတ္ထုတိုကို ရန်ကုန်ဘူတာကြီး စာဖတ်ဝိုင်းမှာ နားထောင်ရစဉ်ကပင် ဆရာမကြည်အေး၏ ဝတ္ထုတိုတစ်ပုဒ်လို ရသအားကောင်းသည့် ဝတ္ထုတစ်ပုဒ်ဖြစ်ကြောင်း ခံစားခဲ့ရသည်။

ညဥ့်ဦးယံမှာ ချစ်သူကို စွန့်ခဲ့ပြီး မိဘသဘောတူ လက်တွဲဖော်ကို လက်ထပ်ခဲ့သည့် မိန်းကလေးတစ်ယောက်၏ မင်္ဂလာဦးညကို ရေးဖွဲ့ထားသည့် ဝတ္ထုတိုတစ်ပုဒ် ဖြစ်သည်။ ချစ်သူက သူငယ်ဟု ခေါ်သည့် ပိုက်ဆံရှိ အမျိုးသမီးကြီးများ၏ အချစ်တော်သူငယ်လေးဟု ပြောပြထားရာ ကျွန်မတို့ခေတ်က ကြားလေ့မရှိသည့် စကားလုံးနှင့် အကြောင်းအရာမို့ နည်းနည်းတော့ ထူးဆန်းနေပါသည်။ ဝင်းဦး၊ တင်တင်မူနှင့် ချစ်စံပယ်တို့ ပါဝင်သည့် ရုပ်ရှင်ကား (အမည် မမှတ်မိတော့) မှာ ဝင်းဦးက တင်တင်မူ၏ သူငယ်သဘောမျိုး၊ သရုပ်ဆောင်ခဲ့သည် ထင်ပါသည်။

ပျော့ညံ့သော ချစ်သူကို စွန့်ခွာခဲ့ရသည့် မိန်းကလေးကို စာဖတ်သူက

စာနာနိုင်မည် ထင်ပါသည်။ မိန်းကလေး၏ အထီးကျန်ဖြစ်မှု၊ မိုးရေစက်များနှင့် ညဥ့်ယံကို ပီပြင်လှပစွာ ရေးဖွဲ့ထားသည့် ဂတ္ထုတစ်ပုဒ် ဖြစ်ပါသည်။

ရွှေအိမ်စည်မေ၏ "အနောက်ဖွဲ့ အလွမ်း" ဂတ္ထုတိုမှာ သူငယ်ချင်း အမျိုးသမီးတစ်စု တောလမ်းကို ဖြတ်သန်းရင်း "ရောက်ချောင်းရွာ" ကို သွားကြရာမှ လမ်းပျောက်ခဲ့ကြပုံ၊ လမ်းခုလတ်ရွာကလည်း ဓားပြရွာ ဖြစ်နေပုံ၊ လူငယ်တို့၏ စရိုက်နှင့် သံယောဇဉ်ဖွဲ့လွယ်မှုကို ရေးသားထားရာ မိန်းကလေးတို့၏ သဘာဝ ပေါ်လွင်လှပါသည်။ လူငယ်တို့သဘာဝ စူးစမ်းလိုစိတ်၊ ကြောက်စရာရှိက ကြောက်၊ ပျော်စရာရှိက ပျော် ရေးဖွဲ့ထားသည်မှာ ကျွန်မကိုယ်တိုင်ပင် သူတို့အဖွဲ့ထဲ လိုက်ပါပြီး ခရီးသွားနေရသလို ခံစားရသည်။

ရွှေအိမ်စည်မေ၏ "ကြုံရဆုံရ စော်ဘွားမောင်နှံ့ဘဝ" ဂတ္ထုတိုမှာ ဘုရားလှည့်ပွဲတွင် သရုပ်ဖော်က,ပြကြရာ စော်ဘွားနှင့် စော်ဘွားကတော ဝတ်စုံအတူတူမှာ ခေါင်းပေါင်း မှားပေါင်းမိသဖြင့် ကမောက်ကမ ဖြစ်ရပုံကို ရေးဖွဲ့ထားသည်။

ကျွန်မ ခရီးသွားနေသဖြင့် အမှာစာမှာ အတော်ပင် နောက်ကျမှ ပေးရပါသည်။ ကျွန်မအနေဖြင့် အမှာစာတစ်ခုထက် ဇာီလင်းညိုနှင့် ရွှေအိမ်စည်မေ သူငယ်ချင်းနှစ်ယောက်၏ ရသဂတ္ထုတိုများအပေါ် ဖတ်ရှုခံစားမှုကိုသာ စာဖတ်ပရိသတ်သို့ ဝေမျှချင်ပါသည်။

"မီးခိုးရောင်ကြွင်းတဲ့ ညဥ့်ဦးယံ" ဂတ္ထုတိုများထဲမှ ဂတ္ထုတိုတချို့မှာ စာဖတ်သူ၏ နှလုံးသားထဲတွင် စွဲမြဲနေရာယူသွားကြမည့် ဂတ္ထုများဖြစ်ကြောင်း ပီတိစကား ဆိုချင်ပါသည်။

**လေးစားစွာဖြင့်**

**ခင်မြဲဇင်**

**၂၀-၄-၂၀၁၄**

*

## ညဥ့်ဦးယံတွင် ကျေးဇူးတင်သည် စုံလင်ရသ ဘဂဝတ္ထုအစုစုကို ဖတ်ခွင့်ရှုခွင့် ကြုံရသောကြောင့်...

ကျွန်တော် ကျေးဇူးတင်မိသည်။ ရသစာပေကို ပြုစုပျိုးထောင်နေသော ဇာလင်းညိုနှင့် ရွှေအိမ်စည်မေတို့ကို ကျေးဇူးဥပကာရ အထူးပင် ရင်ထဲတွင် တင်ရှိနေမိသည်။ သူတို့ ရေးသားသည့် ဝတ္ထုတိုကလေးများတွင် သူတို့ထားရှိသော သူတို့၏ စာပေစေတနာတို့မှာ ပေါ်လွင် ထင်ရှားနေပေသည်။ စာပေကို ချစ်မြတ်နိုးတတ်သူတို့၏ လက်ရာကောင်းလေးတွေမှာ လည်း ကျွန်တော်၏ စိတ်အာရုံကို ဆွဲငင်ထားခဲ့နိုင်ပေသည်။ ကျွန်တော်သည် သူတို့၏ စာများကို တလေးတစား အလေးထားကာ ဖတ်နေရင်းမှပင် လူ့ဘောင်လောကကြီးမှ ဖြစ်စဉ်တချို့နှင့် အံ့အားတသင့် ဆုံစည်းနေရလေသည်။ ဘဂတိုင်း ဘဂတိုင်းတို့မှာကား တိုတောင်းလှစွာ၏ ။ သို့ပါသော်ငြား ဘဂဖြစ်ရပ်အကြောင်းချင်းရာတို့ကမူ “လူ” ဆိုသည့် ရုပ်ပုံလွှာတိုင်းတွင် သမိုင်းအကွေ့များအသွင် ထင်ထင်မှတ်မှတ် ကျန်ရစ်ခဲ့တတ်ပြန်ပေ၏ ။ သူတို့၏ စာကို ဖတ်နေရင်း ကျွန်တော့်ရင်တွင်းမှာလည်း အလွမ်းလေးတွေ ဝေရပြန်လေသည်။

မြစ်ဂကျွန်းပေါ် ဒေသတစ်ခွင်၌ တစ်ချိန်တစ်ခါသော ဘဂတစ်ဆစ်ချိုးများတုန်းက အနေကြာခဲ့ရသော ကျွန်တော်သည် “ရွှေအိမ်စည်မေ” ရေးသားသည့် “ကြုံရဆုံရ စော်ဘွား မောင်နံ့ဘဂ” ဝတ္ထုတိုကလေးကို ဖတ်လိုက်ရသည့်အခါ ပုသိမ်မြို့တစ်ဝိုက်ကို ပြန်လွမ်းလိုက်ရ ပြန်၏ ။ ထိုဝတ္ထုတိုထဲတွင် ရေးသူ၏ ဒေသအဖွဲ့ကို ဖတ်လိုက်ရသည်မို့... ဟိုတုန်းက ကျွန်တော် လမ်းလျှောက်ခဲ့သော ပုသိမ်မြို့၏ ညနေချမ်း လမ်းကွေ့ကွေ့

ကောက်ကောက် လေးများကို အလိုလို သတိရလာမိပြန်၏ ။ သည်ဂုတ္တုလေး၏ ဖြစ်စဉ်နှင့် တင်ပြပုံကိုလည်း သတိချပ် ဆင်ခြင်မိတိုင်း ... သြော်... ရေးချက်ရေးကွက်လေးတွေ ညက်ညောလိုက်တာ... ကောင်းလိုက်တာ ဟု ပီတိဝေဖြာမိသည်။

ဏီလင်းညို၏ "ဟိုတုန်းကလို" ဂုတ္တုတိုထဲမှ ရထားသံလမ်းလေးတွေကလည်း ငယ်သူတို့၏ အရိပ်နုနုတွင် သံယောဇဉ်နှင်းမြူငွေ့တို့နှင့်အတူ ဟိုအဝေးဆီအထိ အကွေ့ကွေ့ ကောက်ကောက်။ ကောင်းကင်တစ်ခွင် လှပသော ရောင်စုံစွန်ကလေးတွေကလည်း ဝေ့ဝေ့ဝဲဝဲ။ သူ့ဂုတ္တုတိုလေးကို ဖတ်ရင်း ကျွန်တော်သည်ပင်လျှင် ခုလို ကဗျာလေးတစ်ပုဒ်လောက်တော့ဖြင့် ကောက်ကာငင်ကာ ရေးချင်လာမိသည်။

နွေမိုးဆောင်း

မပြောင်းမလဲ၊ ရထားလမ်းကြောင်းတွေထဲမှာ

အဖြူရောင်ပန်းစစ်စစ်တွေဟာ

တို့ရဲ့ရင်ကို "စွန်"လိုပင် ခရီးနှင်စေရဲ့.....

ကောင်းကင်ပြာကြီးမှာ

စွန်တွေဟာ...

တစ်ခါတစ်ခါတော့

ပြတ်ချင်လည်း ပြတ်မှာပေါ့....

ရှိစေတော့လေ...

မပြတ်မလွင့်

ထားခွင့်ကြိုးချင်... သံယောဇဉ်တဲ့

ပြန်ကြားချင်လား… စကားညှင်းဆို

ဟိုတုန်းကလို ညနေညိုမှာ

အို…

တို့ကို စွန်လေးကြည့်နေတယ်….။ ။

ဟု နုနုဆတ်ဆတ်ကဗျာလေးတစ်ပုဒ် ရုတ်တရက် ကျွန်တော် ရေးလိုက်မိသည်။ ဒါသည်ပင်လျှင်… ရသစာပေကောင်းတစ်ပုဒ် ဖတ်ရခြင်းအတွက် စာဖတ်နေသူ ကျွန်တော့်ဘက်သို့ ရိုက်ခတ်လာသော ဘဝအမောပြေ ကဗျာစာသားလေးတွေ မဟုတ်လား။ ကျေးဇူးတင်ပါတသည် ဏီလင်းညို။

စာဖတ်နေသော ကျွန်တော့်ဘဝ ညကမ္ဘာသည် အေးမြမြ မိုးရေစက်တို့ ဖြိုးစွေပက်မှုဖြင့်၊ အိမ်ပြတင်း၏ ပြင်ပတွင် ငွေလရောင်ကိုပင် အမြင်လောက်မျှ မမြင်ရသေးသော်ငြား ဂတ္တုတို တစ်ပုဒ်၏ စာပိုဒ်များ၊ ဝါကျများက ကျွန်တော့်စိတ်အသွင်ကို အလင်းမျှဝေ အဆင်းလှလှတွေ ပေးနေသလိုပင်။ “မိုးမြင့်ထက်ဖျားဆီ” တဲ့။ ရွှေအိမ်စည်မေ၏ ရေးဖွဲ့သီမှု ဖန်ဆင်းမှုထဲမှာ ကျွန်တော် မျောပါနေရင်း ရင်တွင်းမှာ ကဗျာလေးတစ်ပုဒ်က လှုပ်စေလို့လာရပြန်သည်။ သူ့ဂတ္တုတိုကလေးကို ခံစားရင်း ရေးလိုက်မိသည့် ကဗျာလေးလို့ ဆိုချင်သည်။

မိုးမြင့်ထက်ဖျားဆီ

ဝေသီသီမှာ.. စကြဝဠာထဲက

မြူမှုန်တစ်စ… နှစ်စ… သုံးလေးစ

အနတ္တသဘောမှာ… ဘာများပိုင်ဆိုင်နိုင်လို့လဲလေ။

ဆုပ်ကိုင်ထားမရ

ဘဝမျိုးစုံ၊ သည်လူ့ဘုံမှာ

ကြုံပြန်သမျှ၊ ပုံသဏ္ဍာန်က

နာခံရတာ ၊ ကံစီမံရာ...

အမှန်သည် သံသရာထဲပဲပေ့ါ၊ ဂဲကတော့လှူပ်ခတ်

ကမ်းရိပ်စပ်မှာ... လွမ်းအတိတ်လေးပဲ

ကျန်ခဲ့တယ်....။

ဟု ကျွန်တော် ရေးဖွဲ့လိုက်မိသည်။

ဟုတ်ကဲ့။ သူတို့၏ ဂတ္ထုတိုလေးများက ကျေးဇူးတင်စရာ ကောင်းလောက်အောင် အနုပညာ ဆန်လှစွာ ကျွန်တော့်ရင်မှာ ထာဝရရှိနေမည်ဟု ယုံကြည်သက်ဝင်ရင်း....။

**ဆောင်းဝင်းလတ်**

**ဇူလိုင် (၇)ရက်၊ ၂၀၁၄၊ ည (၁၁)နာရီ (၅၀) မိနစ်**

*


အလင်းနှင့်အမှောင်

# အလင်းနှင့် အမှောင်

## (၁)

မျက်စိရှေ့မှောက်ရောက်၍ သူ့နှုတ်ကဖွင့်ဟပြော၍ သာ အလင်းဟု သိရသည်။ အပြင်မှာ ရုတ်တရက်တွေ့လျှင် မှတ်မိနိုင်စရာ အကြောင်းမရှိ။

"အလင်း... အလင်း နင်ဟုတ်ပါတယ်နော်"

"ဂုတ်စာ... ငါ မဟုတ်လို့ ဘယ်သရဲက နင့် လာကိုယ်ထင်ပြမတုန်း"

"နင်က... ငယ်ငယ်ကနဲ့ မတူဘဲ အရမ်းလှ...."

"သွားပြီ သွားပြီ တွေ့တာနဲ့ချက်ပြီ၊ ပြောချင်တဲ့သဘောကတော့ ငယ်ငယ်တုန်းက နံပြည်စုတ်မို့ ကြီးလာရင် ကွက်စုတ်ဖြစ်မယ်ထင်လို့ပဲ ဟုတ်တယ်မလား။ မိချို မိချို နင့်လောက်မှ မလည်ရင် ငါ ခင်လင်းနိုင် မလုပ်ဘူး။ နပါသေးတယ် ချိုကီးရာ နောက်တစ်မျိုး စဉ်းစားလိုက်ဦး ဟဲ ဟဲ"

ရယ်ကျဲကျဲနှင့် နောက်ပြောင်ခေါ်သည့် ငယ်နာမည်လေး ထည့်သွင်းပြောဆိုခိုက်၌ ရင်ဝယ်နွေးခနဲ။ စောစောက ကြောင်တိကြောင်ကန်းနှင့် စိမ်းသက်မှုများသည် တဖြည်းဖြည်း လွင့်ပါးကာ ရင်သည် တဒိတ်ဒိတ်ခုန်လာသည်။ သတိမထားမိလိုက်စဉ်မှာပင် နှုတ်မှ လွင့်ခနဲ အမည်နာမတစ်ခုသည် ပွင့်အံကျလာသည်။

"ပုရွက်လင်း"

အလင်းက အားပါးတရ ရင်မောလျက် လက်မောင်းကို တဖတ်ဖတ် လာရိုက်သည်။ ကိုယ်ကို ယို့၍ ရှောင်တိမ်းပြီး "ပုရွက်လင်း" "ပုရွက်လင်း" ဟု ခပ်ကျယ်ကျယ် အော်သည့်အခါ အလင်းနှင့် ကျွန်မတို့၏ ရယ်မောသံများ စည်ဝေပေါင်းစည်းလျက် တဒင်္ဂ အခိုက်အတန့် တွင်မတော့ ငယ်စဉ်ဘဝကို ပြန်ရောက်သွားသလို ခံစားလိုက်ရသည်။

“ခွေးသရဲမ”

အဆုံးသတ် အလင်း၏ ဆဲရေးသံသည် လွှန်ခဲ့သော ဆယ်နှစ်ခန့်က အတိုင်းပါပဲ။ အဲဒါမှ ပုရွက်လင်း အစစ်…။

*

# (၂)

ကောင်းကင်သည် ညို့၍ နေသည်။ ဝေန်မြစ်ရေပြင်ကို ရှပ်တိုက်ပြေးလွှားလာသော လေပြည်သည် စိမ့်ခနဲ အေးသွားသည်။ မြစ်ပြင်လွှာ၌ ဗေဒါအုပ်များ လူးလာခေါက်တုံ့ မျောပါလျက် ရှိသည်။ ခပ်လှမ်းလှမ်းမှ ရုတ်ခနဲ ပျံထွက်သွားသော ဗျိုင်းတစ်အုပ်ကို လည်ပြန်ကြည့်လျက် အလင်းက ခပ်ရွှင်ရွှင်ဖြင့် အော်သည်။

“ကြည့်စမ်း ငါတို့ရဲ့ ပုသိပ်မြို့ကြီး ဒီလောက်သာယာလှပတာ။ ဒီလိုအလှအပတွေနဲ့ ဝေးခဲ့ရတာ ဘယ်နှနှစ်ကျော်ခဲ့ပြီလဲ… ဆယ့်ငါးနှစ်၊ အနှစ်နှစ်ဆယ်…”

“အာပလာ… နင် ခြောက်တန်းနှစ်မှ ရန်ကုန်ပြောင်းသွားတာ၊ ဘာလဲ… တွက်ကြည့်ရင် ရှစ်နှစ်လောက်ပဲ ရှိဦးမယ်”

“အေးပါဟယ်.. နင်ကလည်း ဖီးလ်တောင် ပျက်တယ်။ ငြိမ်နေစမ်းပါ ချိုကီးရာ၊ ငါ အော်ချင်တာ အော်ပါရစေ”

အလင်းဟာ ဘာမှမပြောင်းလဲဘူး။ အခုထက်ထိ ကလေးဆန်နေတုန်း။ အော်ချင်ရာတွေ အော်နေတုန်း၊ ဟို… ငယ်ငယ်ကလေးတည်းကလို… အံ့သြချင်ရာကို အံ့သြ…၊ ပျော်ရွှင်ချင်ရာကို… ပျော်ရွှင်နေတုန်း။ ခံစားချက်ကို သိုဝှက်မထားဘဲ အရိုးခံပွင့်လင်း လွတ်လပ်ပေါ့ပါးနေသည် အလင်းရဲ့ ကိုယ်ပိုင်ဟန်ဟု ဆိုရမည်။

အလင်း ပြောင်းလဲလာတာ တစ်ခုသာ ရှိသည်။ ဒါကတော့ သူ့ရဲ့သွင်ပြင်ပါပဲ။ ငယ်စဉ်က သေးသေးသွယ်သွယ်၊ ဖြူဖျော့ဖျော့ ကောင်မလေးဟာ ဖွံ့ထွားစိုပြည်ပြီး မြင်သူငေးရတဲ့အလှပိုင်ရှင် ဖြစ်လာလိမ့်မည်ဟု မထင်မှတ်ခဲ့။

ဆံနွယ်ဝေ့ဝေ့ဝိုက်ဝိုက်များကြားမှ ပါးချိုင့်ပေါ်အောင် ရယ်လိုက်လျှင်သာ ငယ်ရုပ်ပြန်ဖမ်း၍ ရသည်။ ကျန်အချိန်များတွင်မတော့ တည်ငြိမ်ရင့်ကျက်တဲ့ တကယ့်မိန်းမပျို တစ်ယောက်ရဲ့ သွင်ပြင်။ အေးလေ သူကျင်လည်ရာ ဘဝအဆင့်အတန်းသည် သူ့ကို လှပအောင် ဖန်တီးခဲ့မှာ အမှန်ပင်။

ဒါပေမယ့် ကျွန်မ အံ့ဩသည်။ အလင်းဟာ ဒီဘဝကို ရောက်ဖို့ ငယ်စဉ်က အိပ်မက်တောင် မမက်ခဲ့ပါဘူး။ တစ်ခါတစ်ရံမှလည်း စိတ်မကူးခဲ့ပါဘူး။ ကျွန်မသိခဲ့သည်က ငယ်စဉ်က သူငယ်ချင်းတွေ ဝိုင်းဖွဲ့ကစားကြရင် အလင်း ထာဝစဉ် လုပ်ခဲ့သည်က ဆရာမ။ ကျွန်မတို့ တစ်တွေက ကျောင်းသူလုပ်ကာ သူသင်သမျှ ကကြီးခခွေးတွေကို လိုက်အော်ခဲ့ရသည်။ တိုကပ်ကပ် ဆံပင်လေးကို သားရေပင်နှင့် စုချည်ကာ ဆယ့်နှစ်ရာသီပန်းတွေ ကမြောက် ကသောက်ပန်၍ မတော်တရော်လုံချည်ကိုလည်း ခပ်တင်းတင်း လုံးဝတ်တတ်ပါသေးသည်။ သို့ပေမယ့် ထိုစဉ်ကတည်းက အလှတော့ ကြိုက်ခဲ့သည်ပင်။ စာသင်တမ်းကစားဖို့အရေး မျက်နှာကို ရောင်စုံခြယ်သလိုက်သည်မှာ လွန်လွန်မပြောကြေး... တစ်နာရီခန့်တော့ ကြာသည်။ အလင်းဟာ အလှကြိုက်ခဲ့၍ များ ဒီအသက်မွေးဝမ်းကျောင်းမှု ဖြစ်ခဲ့လေသလား။ ဟင့်အင်း... ဒီလိုတော့လည်း ဖြစ်နိုင်မယ် မထင်ပါဘူး။

အလင်းတို့ အနုပညာကို ကျွန်မ မခံစားတတ်ဘူး။ အလင်းတို့ရဲ့ ယုံကြည်ချက်ကို ကျွန်မ သဘောမပေါက်ဘူး။ ဒါပေမယ့် ဝါသနာကိုတော့ ကိုယ်ချင်းစာတရားနှင့် လက်ခံနားလည်ချင် သည်။ အလင်းဟာ ဒီအလုပ်ကို ဝါသနာပါရဲ့လား၊ သူ ပျော်ရွှင်ရဲ့လား။ ပြီးတော့... ပြင်ပ အထောက်အပံ့တွေ ကင်းကင်းရှင်းရှင်းနှင့် ရိုးသားစွာ သူ ရပ်တည်ခွင့် ရရဲ့လား။

ကျွန်မ ရင်ထဲမှာ မေးခွန်းတွေ ဘောင်ဘင်ခတ် လှိုင်းထနေခဲ့ပေမယ့် နှုတ်ဖျားမှတော့ တစ်ခွန်းတစ်လေမှ ထွက်မလာခဲ့။ မျက်မှောင်တွင် လွတ်လပ်ပေ့ါပါးစွာ ပျော်ရွှင်နေသော အလင်းကို ဒီအတိုင်းသာ ငြိမ်ငြိမ်ကလေး ထိုင်ကြည့်နေလိုသည်။ သူ့ရဲ့ ရှုပ်ထွေးများမြောင်လှတဲ့ အလုပ်တွေကြားကနေ ကျွန်မရှိရာကို သတိတရ ရောက်လာတဲ့အလင်းကို ရောက်အခိုက်မှာ မေးခွန်းတွေနဲ့ သိမ်းကျုံး မတင်းကျပ်စေလိုပါဘူး။

နေ့လယ်က ကျွန်မ လုပ်အားပေးရာ မူလတန်းကျောင်းလေးသို့ အလည်လိုက်လာရင်း အလင်းမျက်ဝန်းတွေသည် ဝင်းလက်တောက်ပနေခဲ့သည်။ ကျွန်မစာသင်သည်ကို ငေးမော ကြည့်ရှုရင်း အလင်းမျက်ဝန်းမှ ကြည်နူးပျော်ရွှင်ရိပ်တို့သည် ဖုံးဖိ၍ မရအောင် လျှံထွက်နေခဲ့သည်။ ဆရာ၊ ဆရာမ အနည်းငယ်သာ ရှိပါလေသော ဤ မြို့စွန် ကျောင်းကလေးတွင် အလင်း၏ ထိန်းသိမ်းမရသော ဆန္ဒတို့သည် လှပစွာ ပေါက်ကွဲခွင့် ရခဲ့လေသည်။ မြေဖြူတစ်ချောင်းကို စီးစီးပိုင်ပိုင် ဆုပ်ကိုင်ကာ ပထမတန်းကလေးငယ်များကို အားပါးတရ စာသင်သွားသည်မှာ နှစ်ချိန်ဆက်တိုက်။ ကျွန်မကတော့ တားဆီးမရ၍ ငေးကြည့်ခြင်းဆိုသည်ထက်… အံ့သြမှင်တက်မိမှုဖြင့် တုန်လှုပ်စွာ ငေးကြည့်နေခဲ့သည် ဆိုပါက ပို၍ မှန်မည်။

အလင်း… အလင်းဟာ သူကစားခဲ့ရတဲ့ ဘဝလေးကို မမေ့သေးဘူးတဲ့လား။ သူ့အစ္ဆတ္တထဲက “ဆရာမလေး” ဆိုတဲ့ သွင်ပြင်ဟာ မပျောက်မပျက်သေးဘူးတဲ့လား။ ကျွန်မ မျက်မှောက်ရောက်နေသည့် မော်ဒယ်လ်ငွေသဇင်လင်းမှ ဟုတ်ပါရဲ့လား။ ကျွန်မရဲ့အမြင်၊ အသိအာရုံထဲမှ ကလေးတွေကို တက်ကြွစွာ စာသင်နေတဲ့ကျောင်း ဆရာမလေး ခင်လင်းနိုင်။ ကျွန်မရဲ့ နှလုံးသားမှာ ထင်ဟပ်သွားခဲ့တာ ငယ်စဉ်က ဆယ့်နှစ်ရာသီပန်းတွေ ကမြောက်ကသောက်နှင့် ထမီတရွတ်ဆွဲ ကကြီးခခွေးသင်နေတဲ့ သူငယ်ချင်းမလေး အလင်းပါပဲ။ အဲဒီ အချိန်မှာပဲ အလင်းဟာ စာသင်လို့အပြီး မြေဖြူကို

အရုပ်ကြိုးပြတ်ပစ်ချ… ကျွန်မရဲ့စားပွဲထက်မှာ ရှိုက်ကြီးတငင် ငိုကြွေးခဲ့ပါသေးသည်။

ကလေးငယ်လေးတွေဟာ ချက်ချင်းလက်ငင်း ပေါ်ပေါက်လာတဲ့ သူတို့ရဲ့ဆရာမ အသစ်စက်စက် ငယ်ငယ်ချောချော ကလေးကို နားမလည်တဲ့ မျက်လုံးဝိုင်းကလေးတွေနဲ့ အငေးသားလေး ငေးကြည့်နေသည်။ ကျန်တဲ့ အခြားအတန်း ဆရာ၊ ဆရာမတွေကတော့ ဒီအဖြစ်အပျက်ကို ကံအားလျော်စွာ မသိရှိခဲ့ပါပေ။ ကျွန်မကတော့ ငိုကြွေးနေသော အလင်းကို ထိတ်ထိတ်ပျာပျာ ဖြစ်ရမည်ထက် တစ်စုံတစ်ရာ နားလည်မှုဖြင့် ငြိမ်သက်စွာပင် ငေးစိုက်ကြည့်နေခဲ့သည်။ နှစ်ရှည်လများ အတင်းသိုဂှက်ခဲ့ရတဲ့ ဆန္ဒတွေဟာ မထင်မှတ်တဲ့ အချိန်မှာ ပေါက်ကွဲခဲ့ရတော့ အလင်း ငိုကြွေးတာ မဆန်းပါဘူး။ ဒါပေမယ့် ကျွန်မရင်မှာ နားမလည်ခြင်းတွေ ခိုမှီနေခဲ့တာ အလင်းဟာ ဒီလောက် “ဆရာမလေး” အိပ်မက်တွေ အမြစ်တွယ်နေတာတောင် “ငွေသဇင်လင်း” ဘဝကို ရောက်ရှိခဲ့တဲ့ အတွက်ပါ။ အလင်း လျှောက်လှမ်းခဲ့တဲ့ ဘဝ.. ဖြတ်သန်းခဲ့တဲ့ ခရီး… ဒါတွေဟာ လွယ်ကူသက်သာခဲ့မှာ မဟုတ်ပါဘူး အလင်းရယ်။ “ငွေသဇင်လင်း” ဘဝကို လွယ်လွယ်ကူကူ ရရှိခဲ့တယ်လို့ မထင်ပါဘူး။ အဲဒါကြောင့်လည်း အလင်းကို ကျွန်မနားမလည်ခဲ့ရခြင်းပါပဲကွယ်။

*

## (၃)

အလင်းသည် ကျွန်မထံ ရောက်နေသည့် ကာလတွေတွင် ခင်လင်းနိုင်သာ ဖြစ်ခဲ့သည်။ သူ၏ ငွေသဇင်လင်းဘဝမှ ခေတ္တခဏ ထွက်ပြေးလာသလိုပင် စိုးစဉ်းမျှ မပြောခဲ့။ တီဗီကိုပင် တစ်ခါတစ်ရံမှ ကြည့်တတ်သော ကျွန်မအဖို့ ဖက်ရှင်ရှိုး၊ မော်ဒယ်ရှိုး၊ ဖက်ရှည်လမ်းညွှန် စာအုပ်များသည် စိမ်းသက်၍ နေသည်။ ဒီတော့ “ငွေသဇင်လင်း” ဟူသည် ကျွန်မနှင့်

ကျွမ်းဝင်သောအရာ မဖြစ်ခဲ့။ ဝေန်မြစ်တစ်လျှောက် ညနေတိုင်း လမ်းလျှောက်ကြသည်။ ဟိုး... ငယ်ငယ်ကလေးကလို ဖျိုင်းဖြူဖြူတွေ ရေတွက်ကြသည်။ ထုံးစံအတိုင်း စိတ်မြန်တတ်သော အလင်းသာ မှားတာများပါသည်။

မျက်စိတကြော မြင်တွေ့နေရသော လေ့ငယ်ကလေးတွေကို လက်ညှိုးထိုး အော်ဟစ်ရင်း စိတ်ကူးနှင့် ပန်းချီဆွဲကသည်။ စိတ်ကူးနှင့် ပြန်ဖျက်လိုက်၊ ပြန်ဆွဲလိုက်နှင့် နေလုံးကြီး ပျောက်ကွယ်သွားလျှင်တော့ ကျွန်မတို့ အိမ်ပြန်ခဲ့ရသည်ပင်။

တစ်ခါတစ်ရံတွင်တော့ ရွှေမုဋ္ဌောဘုရားရင်ပြင်တွင် တစ်ညနေလုံး ထိုင်ကာ လာသမျှ ဘုရားဖူးများကို ငေးရင်း ရောက်တတ်ရာရာ စကားများ ပြောဆိုနေခဲ့ကြသည်။ လမ်းဘေး အကြော်ဆိုင်မှာ အကြော်စားချင်သည်ဟု ပူဆာ၍ အကြော်ဆိုင်ကိုလည်း လိုက်ပို့ခဲ့ရသေးသည်။ အလင်းဟာ စိတ်ထင်ရာ လုပ်နေတဲ့ ကလေးငယ်တစ်ယောက်နှင့် တူလှသည်။ တီဗီ ဖန်သားပြင်ဝယ် အပြည့်အဝ နေရာမရသေးခြင်းရယ်၊ သာမာန်အဝတ်အစားနှင့် မျက်နှာကို သနပ်ခါးသာ လိမ်းခြယ်ထားခြင်းရယ်ကြောင့် ပတ်ဝန်းကျင်မှ အလင်းကို သတိမထားမိပါ။ သို့ကြောင့်ပင် အလင်းစိတ်ကြိုက် ထင်တိုင်းကျဲခွင့်ရနေပါသည်။

အလင်းသည် သူ့ရဲ့ မော်ဒယ်လ်အေဂျင်စီ၊ သူဟာ အတန်အသင့် နာမည်ရစ မော်ဒယ်လ် ငွေသဇင်လင်း ဖြစ်ကြောင်း စတွေ့သည့်နေ့က ဖွင့်ဟပြောကြားခဲ့သည်က လွဲ၍ နောက်ပိုင်းတွင် ဒီဘဂအကြောင်း တစ်စွန်းတစ်မှ မဟတော့။ ထိုနေ့က သူ့နှုတ်ကသာ ဖွင့်ဟမပြောကြားခဲ့လျှင် ငွေသဇင်လင်းနှင့် ခင်လင်းနိုင်ကို တစ်သားတည်း ပေါင်းစပ်ဖို့ ကျွန်မ မည်သို့မျှ တွေးတောခဲ့မည် မဟုတ်ခဲ့...။ ယခုအချိန် ကျွန်မရဲ့ရှေ့မှောက်မှာ သက်ဝင်လှုပ်ရှားတဲ့ အလင်းဟာ မော်ဒယ်ရှိုးတွေ၊ ကုန်ပစ္စည်းကြော်ငြာတွေမှာ လူတကာကို ဆွဲဆောင်ညှို့ငင်ပြီး တောက်ပတဲ့ အလှပိုင်ရှင် “ငွေသဇင်လင်း” မှ မဟုတ်တာ။ ပျို့မြစ်ငယ်ရွယ်တဲ့

သချ်ာအခိက ဒုတိယနှစ်ကျောင်းသူလေး သွင်ပြင်ပါပဲ။ ကျွန်မ၏ အတွေးကွန်ယက် ဖြန့်ထွက်မှုကို အလင်းက ငြင်သာစွာပင် လှုပ်နှိုးလိုက်သည်။

“ချို… ထိုင်နေလျက်နဲ့ အသက်များ ပျောက်သွားပြီလား”

“အဟဲ… ပုရွက်လင်းကို ခွဲခြမ်းစိတ်ဖြာကြည့်နေတာ”

“ဗုဒ္ဓေါရေ” အလင်းက ခေါင်းကိုမော့ကာ တခစ်ခစ်ရယ်သည်။

“ပြောပါဦး… ဘာတွေတွေ့လဲ”

“ငွေသဇင်လင်းကို တွေ့တာပေ့ါ”

ရယ်နေသော အလင်းမျက်နှာသည် ရုတ်တရက် တန့်ခနဲ ရပ်သွားသည်။ အလင်း၏ မျက်နှာတွင် အရိပ်အယောင်မျိုးစုံ တိုးယှက်သန်းခို တွယ်လာသည်။ အလင်း၏ မျက်ဝန်းသည် လက်ခနဲ တောက်ပသွားသလိုနှင့် မှုန်မှိုင်းရီဝေသွားသည်။ အတန်ကြာ ငြိမ်သက်နေပြီးမှ နှုတ်ခမ်းလှုပ်ရုံမျှ အလွန်တိုးညင်းစွာဖြင့် ကျွန်မကို ခေါ်သည်။

“ချို… ငါ ပြန်သင့်ပြီ”

“နင် ရောက်တာ လေးရက်ပဲ ရှိသေးတာပဲ”

အလင်းက အသက်မဲ့နေသူလို အဝေးကို ငေးကြည့်ပြီး ဖွဖွရွတ်သည်။

“ဟုတ်တယ်… သိပ်စောလွန်းနေတယ်။ ဒါပေမယ့် ဒီလောက်ပဲ တော်သင့်ပါပြီဟာ”

ကျွန်မ ဘာစကားမှ မပြောမိ။ ကျွန်မကို တိုင်တည်သလိုလို သူ့ဘာသာ ရေရွတ်သလိုလို ပြောနေသော အလင်းကို အနှောင့်အယှက် မပေးချင်တာလည်း ပါသည်။ ပြီးတော့… ကျွန်မ၌ ပြောရန်စကား မရှိသလို ခွန်အားချို့တဲ့နေသည်။

“ငါလေ နင်နဲ့အတူနေရတဲ့ ဒီခဏလေးကို ဘယ်တော့မှ မေ့မှာ

မဟုတ်ဘူး သိလား။ ငါ့ရဲ့ အနှစ်နှစ်အလလ မျိုသိပ်ခဲ့ရတဲ့ ဘဝလေးကို ခဏအိပ်မက်မက်ခွင့် ရခဲ့တယ်။ ငါ ... ငါ အရမ်းပျော်သလို... အရမ်းလည်း ကြည်နူးတယ်။ အရမ်းလည်း ဂမ်းနည်းတယ်။ ငါ မျှော်လင့်တဲ့ဘဝလေးကို ငါ ဘယ်တော့မှ ရတော့မှာ မဟုတ်လို့ပဲ မိချိုရယ်”

ကျွန်မရင်သည် တဖျပ်ဖျပ် လှုပ်ရှားလာသည်။ အလင်းကို မချင့်မရဲစိတ်ဖြင့် စေ့စေ့ ကြည့်မိသည်။ အလင်း... အလင်းဟာ ပုသိမ်မြို့ကို မမေ့သေးဘူး။ ခင်လင်းနိုင်ရဲ့ အိပ်မက် လေးတွေ မမေ့သေးဘူး၊ သူငယ်ချင်းတွေကို မမေ့သေးဘူး။ ဒါတွေကို လက်ခံယုံကြည်ထားတယ်။ နင်လည်း သိနားလည်နေတယ်...။ ဒါဆို...”

“အလင်း... ဒီအိပ်မက်ကို နင် မက်ခွင့်ရှိတာပဲ”

အလင်းက သွေ့ခြောက်စွာ ပြုံးသည်။

“ကျော်ကြားမှုလေ သိပ်ကြောက်ဖို့ကောင်းတယ်။ ငါ စမိတဲ့ဘဝကို ငါ မရုန်းထွက်နိုင်ခဲ့ဘူး။ ငါ့အတွက် အောင်မြင်မှုကို နေရာတစ်နေရာ ရောက်အောင် စိုက်ထူမယ်လို့ ဆုံးဖြတ်တဲ့နေ့မှာ ငါ့ရဲ့အိပ်မက်ကလေးတစ်ခုကို သွေးစိမ်းရှင်ရှင်ကျအောင် ရိုက်ချိုးဖျက်ဆီးခဲ့ရတယ်။ ခင်လင်းနိုင်ဟာ အဲဒီ အချိန်တည်းက ဖုတ်ကြည်းသဂြိုဟ်ခဲ့ရပြီ။ ဒီလိုဖြစ်အောင်... ငါ... ငါ့ရဲ့အတ္တ.. အောင်မြင်မှုကို မက်မောတဲ့စိတ်ဓာတ်၊ ကျော်ကြားမှုကို ခုံမင်တဲ့ စိတ်ဓာတ်က ဖန်တီးခဲ့တာ။ ခင်လင်းနိုင်ရဲ့ အိပ်မက်ကို သတ်ခဲ့တာ ငါကိုယ်တိုင်ပါ မိချိုရယ်... ငါကိုယ်တိုင်ပါ”

ရေလှိုင်းကြောင့် ကမ်းစပ်နားရောက်ရှိနေသော ဗေဒါတစ်သိုက်သည် နောက်တစ်ကြိမ် လှိုင်းအဆင်း၌ ရေစီးတွင် ပြန်လည်မျောပါသွားသည်။ ရန်ကုန်သင်္ဘောတစ်စင်း မြစ်အတွင်းသို့ အဝင်၌ ဝေန်မြစ်ရေသည် ဘောင်ဘင်ခတ် လှုပ်ရှားသွားသည်။

ဖူးပွင့်စ ဇေဒါအပွင့်ငယ်တို့ဖြင့် ဇေဒါသိုက်ကလေးသည် နိမ့်တုံမြင့်တုံ ရေစီးကြား၌ လူးလွန်မျောပါနေသည်။ ဝေဝန်ညနေခင်းကား ပုစွန်ဆီရောင် သမ်းပြီ။

*

**(၄)**

ညမီးရောင် ခပ်လဲ့လဲ့သည် အလင်းပါးပြင်ပေါ်သို့ ခပ်သွဲ့သွဲ့ထိုးကျနေသည်။ အလင်းသည် ကလေးငယ်တစ်ယောက်လို အပြစ်ကင်းစွာ အိပ်မောကျနေသည်။ အလင်းပါးပြင်မှ မျက်ရည်စီးကြောင်းသည် မခြောက်မသွေ့တတ်သေး။

ကျွန်မ သက်ပြင်းကို ခပ်ဖွဖွချလိုက်ရသည်။ အလင်းဟာ သိပ်လှတာပဲ။ အိပ်ပျော်နေသည့် အခိုက်မှာတောင် သွယ်လျလျနှင့် ပန်းပုရုပ်ကလေးတစ်ရုပ်လို လှရက်နိုင်သေးသည်။ အလင်း၏ ခပ်စင်းစင်း မျက်တောင်ရှည်များသည် ဖြူဝင်းသော မျက်နှာပြင်ဝယ် အတုတပ်ထားသလို ကြွရွနေသည်။ သွယ်ဆင်းနေသော နှာတံသည် တစ်ကြောင်းဆွဲ ပန်းချီဆရာ၏ စုတ်ချက်တစ်ချက်နှယ်။ နီထွေး၍ ခပ်စုစုငုံငုံလေး ဖြစ်နေသော နှုတ်ခမ်းသည် နှုတ်ခမ်းနီ ပြိုင်ပွဲတစ်ခု၌ ပထမရခဲ့ကြောင်း ယုံမှားသံသယ ဖြစ်စရာမရှိ။

အလင်း၌ ဒီလိုအလှတရားတွေ ရှိကြောင်းကို ယနေ့ညမှ စေ့စေ့စပ်စပ် ကြည့်ဖြစ်ခြင်းအတွက် ကျွန်မကိုယ်ကျွန်မ အံ့ဩသည်။ ညဦးပိုင်းက စိတ်လိုလက်ရ အလင်း ထုတ်ပြသော သူ့ပုံပါဝင်သည့် ဖက်ရှင်လမ်းညွှန်စာအုပ်များ၊ မဂ္ဂဇင်းများ၊ မော်ဒယ်ရှိုး၊ ဖက်ရှင်ရှိုးမှ သူ့ဓာတ်ပုံများ၊ အလှရိုက်ထားသော ဓာတ်ပုံများ၊ ကြော်ငြာရိုက်ကွင်း မှတ်တမ်း ဓာတ်ပုံများကို ကျွန်မ တအံ့တဩ ကြည့်ရှုခဲ့ရသည်။ အဲဒီ ဓာတ်ပုံတွေမှာမှ ငွေသဇင်လင်းကို ပီပီပြင်ပြင် တွေ့မြင် ခဲ့ရသည်။ ဆွဲဆောင်ညို့ငင်သော မျက်ဝန်းအစုံနှင့် ထင်လင်းတောက်ပစွာ ပုံစံကျလှပလွန်းသည့် အလင်းကို တွေ့မြင်ပြီးသည့်နောက်တွင်မှ “ငွေသဇင်လင်း”

ဘဝကို သူမ စွန့်လွှတ်ဖို့ ခဲယဉ်းနေသော ကျွန်မ နားလည်ခဲ့ရသည်။

အလင်းရယ်.. ဒီလို ရေရွတ်ညည်းတွားရုံကလွဲပြီး ကျွန်မ၌ လုပ်စရာ အခြားမရှိပါ။ အလင်း အိပ်မပျော်ခင်က အငိုတစ်ဝက်ဖြင့် ပြောခဲ့သော စကားများကို ပြန်ကြားယောင်မိသည်။

“ငွေသဇင်လင်းဆိုတာကို စခဲ့တုန်းက အပျင်းပြေသဘောမျိုး၊ နောက်... လုပ်ဖူးတယ် ရှိအောင်ဆိုပြီး စခဲ့တာပါ၊ ဒါပေမယ့် ဒီလောကထဲ ဝင်ပြီးတဲ့နောက် အသစ်တွေကို ချိုးနှိမ်ချင်တဲ့၊ အရာမသွင်းတဲ့ လူတချို့ရဲ့ ဖိနှိပ်မှုတွေအပေါ် ငါ နာကြည်းတတ်လာခဲ့တယ်။ အောင်မြင် ကျော်ကြားလာရင် ပြားပြားဝပ် ခစားတတ်ကြတဲ့ သူတွေကို မခံချင်တဲ့စိတ်နဲ့ “ငွေသဇင်လင်း” ဆိုတာကို ဟိုးထိပ်ဖျားမှာ ရှိနေဖို့ ငါ ကြိုးစားဖို့ ဆုံးဖြတ်ခဲ့တယ်။ ငါရဲ့ ဇွဲ၊ သတ္တိ၊ ယုံကြည်ချက်၊ လေ့လာအား၊ ကြိုးစားမှုနဲ့ ငွေသဇင်လင်းကို ထွန်းလင်းစေခဲ့တယ်။ အဲဒီ့ အတွက် ငါ နောင်တမရဘူး မိချို။ ငါ ကျေနပ်တယ်။ ရှေ့ဆက်ပြီးလည်း ငွေသဇင်လင်းကို ပိုပြီး လင်းလက်အောင် ငါ ကြိုးပမ်းဦးမှာ။ ဒါပေမယ့် ငါ့ဘဝမှာ တစ်ခါသာ မက်ခဲ့ဖူးတဲ့ အိပ်မက်ကလေးတွေ အတွက်လည်း အမြဲထိခိုက်ကြေကွဲနေရမှာ။ ဒါဟာ ငြင်းပယ်လို့မရတဲ့ အမှန်တရားပါပဲ မိချိုရယ်”

“လူတွေရဲ့ အမြင်၊ ငါ့အသိုင်းအဝိုင်းလောကရဲ့ အမြင်မှာ ငါဟာ လင်းလက်တဲ့ ကြယ်ပွင့်ကလေး တစ်ပွင့်ပါ။ ဒါပေမယ့် ငါ့နှလုံးသား ငါ့အိပ်မက်မှာ သေခဲ့ဖူးတဲ့ အရိအရွဲတွေနဲ့ ကြယ်ကလေးဟာ မှောင်နေတယ်။ မှောင်တယ်ဆိုတာ နင်သိလား။ ညစ်ညမ်းတာ မဟုတ်ဘူး။ ရိုင်းစိုင်းတာ မဟုတ်ဘူး။ မသန့်စင်တာ မဟုတ်ဘူး။ သေနေတာ...။ အိပ်မက်တွေ သေနေတာ။ ပြီးတော့ ဒီအိပ်မက်ကလေးတွေကို လူတွေမမြင်ဘူး။ ဒါကြောင့် ငါ့နှလုံးသားမှာ မှောင်နေတယ်။ အိပ်မက်ကောင်းကင်မှာ မှောင်နေတဲ့ ကြယ်ကလေးတစ်ပွင့်သာ ရှိတယ်။ ရယ်စရာမကောင်းဘူးလား ချို။ လူတွေနဲ့ ငါ့ကြားထဲက အလင်းနဲ့အမှောင်ကို”

ညသည် အနက်ရောင် ကတ္တီပါလွှမ်းခြုံလျက် တည်ငြိမ်စွာ ဣန္ဒြေရလျက် ရှိသည်။ ကြယ်တွေသည် တလက်လက် တောက်ပနေသည်။ များပြားလှသော ကြယ်တို့ကို လိုက်လံ ရေတွက်ရင်း ကျွန်မရဲ့ အတွေးတို့ ကစဉ့်ကလျား။ ဒီကြယ်ကလေးတွေ တလက်လက် တောက်ပနေသလို အလင်းရင်ထဲရှိ ကြယ်ကလေးကိုလည်း တလက်လက် တောက်ပစေချင်သည်။ ဒါပေမယ့် လူတစ်ယောက်မှာ တောက်ပလင်းလက်တဲ့ ကြယ်ကလေးနှစ်ပွင့်ကို တစ်ပြိုင်နက်တည်း ပိုင်ဆိုင်ခွင့် ရှိပါ့မလား။ အသိုင်းအဝိုင်း လူ့အဖွဲ့အစည်းမှာ တောက်ပလင်းလက်တဲ့ ကြယ်တစ်ပွင့် ဖြစ်နေသမျှ ရင်ထဲက ကြယ်တစ်ပွင့်ကတော့ ထာဝစဉ် မှောင်မိုက်နေမှာပင်။ ရင်ထဲကကြယ်ကို လင်းလက်ခဲ့လျှင် ဘယ်ကြယ်က မှောက်မိုက်ခဲ့မလဲ ဆိုတာ စဉ်းစားမကြည့်ရဘဲ သိနိုင်လေသည်။

ဟင့်အင်း... အဲဒီ ကြယ်လေး လင်းလက်ဖို့ အလင်း အားသွန်ခွန်စိုက် ကြိုးပမ်းခဲ့ရတာ ။ မှောင်မိုက်ဖို့ဆိုတာကို အလင်း ယောင်လို့တောင် တွေးခဲ့မှာ မဟုတ်ဘူး။ ပိုပြီးတော့ လင်းလက်အောင်သာ ကြိုးစားနေမှာ။

ညသည် ပို၍ ငြိမ်သက်လာသည်။ ကိုယ့်အသက်ရှူသံကိုပင် ပြန်၍ ကြားရသလို၊ လူတစ်ဦးတစ်ယောက်၌ ပိုင်ဆိုင်ခွင့်ဟူသည် တစ်ခုထက်ပို၍ မရှိနိုင်တော့ပြီလား။ ရွေးချယ်ရန် နည်းလမ်းတစ်ခုသာ ရှိခြင်းသည် “တစ်စုံတစ်ခုကို လိုချင်ပါလျှင် တစ်စုံတစ်ခုကို စွန့်လွှတ်ရမည်” ဟူသော နိယာမသဘောတရားပေလား။ လူဘယ်နှစ်ယောက်၏ ရင်ထဲ၌ မှောင်မိုက်သော ကြယ်ကလေးတွေ မည်မျှရှိနေခဲ့ပြီလဲ။ ဘယ်သူတွေက အလင်းနဲ့အမှောင်ရဲ့ လွန်ဆွဲမှုတွေကြောင့် နာကျင်ကြေကွဲခဲ့ရပြီလဲ။

ညသည် ငြိမ်သက်သည်ထက် ငြိမ်သက်လာသည်။ အနက်ရောင်ကောင်းကင်ဝယ် ကြယ်ကလေးတွေသည် တလက်လက် တောက်ပလျက် ရှိသည်။ အလင်းနှင့် အမှောင်သည် ဆန့်ကျင်ဘက်အားပြိုင်မှုဖြင့် ယှဉ်တွဲလျက် ရှိသည်။

ညမီးရောင် ခပ်လဲ့လဲ့အောက်တွင် အလင်းသည် နွဲ့နှောင်းလှပစွာ အိပ်ပျော်နေပါသည်။...

**ရွှေအိမ်စည်မေ**

**ဩဂုတ်။ (၂၀၀၁) ပြည့်နှစ်၊ ရွှေအမြုတေမဂ္ဂဇင်း**

*



# မိုးလုံလေလုံ အချစ်

“အစန်းရေ…၊ ဟေး… အစန်း”

အန်တီအေး၏ ခေါ်သံကြောင့် မီးဖိုခန်းထဲမှ အိမ်ရှေ့သို့ အစန်း ပြေးထွက်ခဲ့သည်။ အိမ်ရှေ့တံခါးဂအရောက် ခြံအပြင်ဘက် လမ်းမပေါ်သို့ လှမ်းကြည့်မိလိုက်တော့ ဆိုက်ကားပေါ်မှ လေးတိလေးကန် ဆင်းလာနေသော ဂဂဖိုင့်ဖိုင့် ခန္ဓာကိုယ်ကြီးနှင့် အန်တီအေးကို တွေ့လိုက်ရ၏ ။

အိမ်အောက်သို့ အမြန်ဆင်းကာ အထဲမှ ချက်ချထားသော သံပန်းခြံတံခါးကို ဖွင့်၍ ဆိုက်ကားနားကို အစန်း ခပ်သွက်သွက်လေး လျှောက်သွားလိုက်သည်။

“ညည်းနှယ်… ခေါ်လိုက်ရတာ အစန်း ရယ်”

“ဟို… အစန်းက မီးဖိုချောင်ထဲမှာ သန့်ရှင်းရေး လုပ်နေလို့ပါ အန်တီအေးရယ်၊ အဲ့ဒါ… ရုတ်တရက် မကြားမိလိုက်လို့ပါ”

“တော်ပါ၊ ညည်းကို ပြောလိုက်ရင် အမြဲတမ်း ဆင်ခြေ၊ ဆင်လက်၊ ဆင်နားရွက်အစုံပဲ။ ကဲ… ကဲ ဆိုက်ကားနောက်က ပစ္စည်းတွေကို သယ်ခဲ့”

“ကျွန်တော် သယ်ခဲ့ပေးမယ်လေ”

ဝင်ပြောလိုက်သော ဆိုက်ကားသမားသံကြောင့် အစန်း နှာခေါင်းကို မသိမသာ ရှုံ့လိုက်မိသည်။ အခြားကြောင့်တော့ မဟုတ်။ သူ့ကို အစန်း ကောင်းကောင်းကြီး သိနေခဲ့သောကြောင့်ပင်တည်း။

သူက အစန်းတို့လမ်းထိပ် ဆိုက်ကားဂိတ်ရှိ ဆိုက်ကားသမားများထဲမှ တစ်ယောက်။ အသက်ကတော့ အစန်းထက် နှစ်နှစ်၊ သုံးနှစ်လောက် ကြီးမယ့်ပုံ။ နောက်ပြီး အန်တီအေးက အစန်းတို့လမ်းထိပ်ကနေ ဘတ်စ်ကားမှတ်တိုင် တစ်မှတ်တိုင်စာလောက် ဝေးသောဈေးသို့ နှစ်ရက်တစ်ခါ သွားတိုင်း

သူ့ဆိုက်ကားကို အသွားအပြန်စီးနေကျ ဖောက်သည်တစ်ယောက်။ ထို့ကြောင့် မျက်မှန်းတန်းမိရ၏ ။

ဒါတင်ပဲလားဆိုတော့ မဟုတ်သေးပါ။

တစ်ခါတလေ အန်တီအေးခိုင်း၍ လမ်းထိပ်စတိုးဆိုင်မှ အစန်း ဈေးသွားဝယ်ရတတ်သည်။ ထိုအခါ သူတို့ဆိုက်ကားဂိတ်ရှေ့မှ မဖြစ်မနေ ဖြတ်သန်းသွားရစမြဲ။ ထိုကဲ့သို့ ဖြတ်သန်းသွားရတဲ့ အချိန်တိုင်း ဆိုက်ကားဂိတ်မှာ သူရှိနေခဲ့လျှင် သူက ဂိတ်ထိုးထားသော ဆိုက်ကားပေါ်မှနေပြီး အစန်းကို ခပ်ပြုံးပြုံး မျက်နှာဖြင့် လိုက်ငေးကြည့်နေတတ်တာ။

နယ်ကနေပြီး ရန်ကုန်မှ ဆွေနီးမျိုးစပ်တော်သော အန်တီအေးတို့အိမ်မှာ အိမ်ဖော် လုပ်နေရတာ သုံးလမပြည့်သေးသော်လည်း အစန်းအသက်က နှစ်ဆယ်တစ်နှစ် ပြည့်ခဲ့ပြီးပြီ။ ထို့ကြောင့် “ရှွေစွန်ညို ဘာကိုလိုလို့ငဲ့တယ်”… ဟု ဘာသာပြန်နိုင်သော သူ့အကြည့်တွေကို အစန်း ကောင်းကောင်း သဘောပေါက်သည်။

ခုလည်း ကြည့်။ အန်တီအေးရှေ့မှာ အစန်းကို “ရှွေကြို” လုပ်ချင်နေတာ။ မလိုပါဘူးဟု ခပ်မာမာ ပြောလိုက်ချင်သော်လည်း သူ့အား ဆိုက်ကားခရှင်းပေးနေသော အန်တီအေးက အနားမှာရှိနေဆဲမို့…

“ရပါတယ်”

“မရပါဘူးဗျာ၊ ဆန်အိတ်ကြီးက အလေးကြီးပဲဟာကို၊ ခင်ဗျား ဘယ်နိုင်ပါ့မလဲ”

သူ့အသံက စေတနာအပြည့်ဖြင့် ခပ်ချိုချို။

ဟုတ်ပ။ ခုမှ ကြည့်မိသည်။ ဆိုက်ကားနောက်ဘက်ခုံမှာ ဆန်အိတ်ကြီး တစ်အိတ် ပါနေခဲ့သေးတာပါလား။ ဒီဆန်အိတ်ကြီးကိုတော့ ဘယ်လိုနည်းနဲ့ အစန်း

မသယ်နိုင်ပါ။ သို့သော် ဘာမှန်းမသိဘဲ မျက်နှာကို ရှစ်ခေါက်ချိုး လုပ်ထားမိလိုက်၏
။

“ဟုတ်သားပဲ အစန်းရဲ့၊ ဆန်အိတ်ကြီးကို ညည်းဘယ်နိုင်မလဲ၊ မောင်မြင့်နိုင်ပဲ သယ်ပေးပါစေ၊ ညည်းက ဈေးခြင်းတောင်းပဲ ယူခဲ့ပေ့ါ”

ပြောရင်း အန်တီအေးက ပိုက်ဆံအိတ်ကြီး ချိုင်းကြားညှပ်ကာ ခြံထဲသို့ အိပ့်ပဲ့ အိပ့်ပဲ့ဖြင့် ဝင်သွားလေ၏ ။ ဘာရယ်မှန်းမသိဘဲ မြင့်နိုင်ဆိုသော ဆိုက်ကားသမားအား မျက်စောင်းဝေ့ဝေ့ ထိုးရင်း ဆိုက်ကားကယ်ရီယာပေါ်မှ ဈေးခြင်းတောင်းကြီးကို အစန်း လှမ်းယူလိုက်သည်။

“ခဏလေး အစန်း၊ ဈေးခြင်းတောင်းနဲ့ ဆန်အိတ်ကို သိုင်းထားတဲ့ ကြိုးကို ကျွန်တော် ဖြုတ်လိုက်ဦးမယ်”

သူ့အသံက နွေးနွေးထွေးထွေး။ သို့သော် အစန်းကတော့ စိတ်ထဲ နည်းနည်း အောင့်သက်သက် ဖြစ်သွားရ၏ ။ ထို့ကြောင့်... ခပ်ဆောင့်ဆောင့် လေသံဖြင့်...

“ဒီမှာ...”

“ဗျာ”

“မဗျာနဲ့၊ ကျွန်မကို အန်တီအေး ခေါ်သလို အစန်းလို့ ရှင် လိုက်ပြီးခေါ်စရာ မလိုဘူး၊ ကျွန်မနာမည်က လှလှစန်း”

“ကျေးဇူးပဲ”

“ဘာပြောတယ်...”

“သြော်.. အခုမှ အစန်းနာမည်ကို အပြည့်အစုံ သိလိုက်ရလို့ပါဗျာ”

“ရှင်နော်...”

အစန်းက အသံခပ်အုပ်အုပ်ဖြင့် အိမ်ဘက်သို့ တစ်ချက်ငဲ့ကြည့်ကာ ခပ်ကြိတ်ကြိတ် အော်ဟစ်လိုက်၏ ။ ဟုတ်သည်။ ဒီလို ရိသဲ့သဲ့ ပြောတာတွေကို အစန်း မကြိုက်။ သို့သော် ဒို့ထက်ပိုပြီး ဘာဆက်ပြောရမှန်းလည်း အစန်း မသိတော့။ သူက အစန်း၏ ဒေါသကိုမမှုသလို ပြုံးစစဖြင့် ရွှန်းရွှန်းစားစား ကြည့်ရလေသည်။

ဒါမျိုးကိုလည်း အစန်း မကြိုက်လှပါ။ ယောက်ျားဆို တည်တည်ကြည်ကြည်မှ အစန်း သဘောကျသည်။ ဒီလို ခဏခဏ ပြုံးတာမျိုးကိုလည်း အမြင်ကတ်သည်။ ထို့ကြောင့် နှုတ်ခမ်းအတွင်းသားကို မသိမသာ ကိုက်ကာ သူ့ကို ခပ်တည်တည်ဖြင့် ဝေ့ကြည့်လိုက်သည်။

သူက ဆိုက်ကားနောက်ခုံပေါ်မှ ဆန်အိတ်နှင့် ကယ်ရီယာခုံဘေးတွင် တင်ထားသော ဈေးခြင်းတောင်းတို့အား တွဲထိန်းထားသော သားရေကြိုးကို ဂရုတစိုက် ဖြုတ်နေခဲ့၏ ။ ဖြုတ်ပြီးပြီးချင်း ဈေးခြင်းတောင်းလေးကို ယူကာ အစန်း၏ လက်ထဲသို့ ကမ်းပေးလာသည်။ လှမ်းအယူတွင် သူ့လက်နှင့် အစန်းလက်တို့ နည်းနည်းလေး ထိခတ်မိသွားကြ၏ ။

အစန်းရင်ထဲ တစ်မျိုးကြီး ဖြစ်သွားရ၏ ။ ရှက်သလိုလို၊ ကြောက်သလိုလိုကြီး။ ဘာမှန်းတော့ မသိ။ သို့သော် သူလိုလူမျိုးကြောင့် ဖြစ်သွားသည့် ထိုခံစားမှုမျိုးကို အစန်း မနှစ်သက်လှပါ။ ပြောရမယ်ဆို သူလိုလူစားမျိုးကို အစန်း သဘောမကျ။

ကိုယ့်ကိုယ်ကို မကျေနပ်စိတ်ဖြင့် သူ့အား အစန်း ဂြိုဟ်ကြည့် ကြည့်မိလိုက်သည်။ သူကတော့... အစန်းကို ကြည့်မနေခဲ့ပါ။ ထိုအစား ဆိုက်ကားအနောက်ခုံပေါ်မှ ဆန်အိတ်ကြီးအား ဆတ်ခနဲ မ,ကာ ပခုံးပေါ်သို့ လွှားခနဲ ပစ်တင်လိုက်သော သူ့ဟန်ပန်ကို ကျားကျားလျားလျား နိုင်လှစွာ တွေ့လိုက်ရလေ၏ ။

*

နက်စ်ကော်ဖီမှုန့်နှင့် သေချာဖျော်ထားသော ကော်ဖီသုံးခွက်အား စတီးလ်လင်ပန်းထဲ ထည့်လိုက်သည်။ ထို့နောက် အစွန်ဆုံးမှ ခွက်လေးအား ဇွန်းလေးဖြင့် ထပ်မွှေကာ သတိတရဖြင့် အစန်း နည်းနည်း မြည်းကြည့်လိုက်သည်။ လျှာဖျားပေါ်တွင် ဆိမ့်ဆိမ့်ခါးခါးအရသာလေးကို ခံစားရ၏ ။ ကျေနပ်စွာဖြင့် အစန်း ပြုံးမိ၏ ။ အတော်ပါပဲ၊ ဒီအရသာဟာ ကိုဝေမိုး အကြိုက်။

"တကယ်တော့ ငါတို့ယောက်ျားတွေဟာ အမျိုးသမီးတွေကို လေးစားသင့်တယ်။ မင်းတို့ စဉ်းစားကြည့်လေ။ ကမ္ဘာပေါ်မှာရှိတဲ့ နာမည်ကျော်အမျိုးသားတိုင်းဟာ မိခင်ဖြစ်တဲ့ အမျိုးသမီးရဲ့ ဂမ်းဗိုက်ထဲမှာ နေခွင့်မရခဲ့ဘူးဆိုရင် ဒီကမ္ဘာကြီးပေါ် ဘယ်လိုနည်းနဲ့ ခြေချနိုင်မလဲ"

ညှော့ခန်းဆီမှ ကိုဝေမိုး၏ အသံက မီးဖိုချောင်ထဲသို့ ခပ်သဲ့သဲ့ ပျံ့လွင့်လာသည်။ နားစွင့်ရင်း အစန်း ပြုံးမိ၏ ။ လူကို မမြင်ရသေးသော်လည်း အသားလတ်လတ် ပိန်ပိန်ပါးပါးနှင့် ကြည့်ကောင်းလှသော ကိုဝေမိုး၏ ရုပ်သွင်က အစန်းရဲ့အာရုံမှာ ထင်းခနဲ ပေါ်လာသည်။

ကိုဝေးမိုးက အစန်းထက် ငါးနှစ်လောက် ကြီးသည်။ အိမ်မှ အန်တီအေး၏ သားကြီး ကိုကြီးမင်းမော်နှင့် ရွယ်တူ သူငယ်ချင်းများထဲမှ တစ်ယောက်ဖြစ်၏ ။ အန်တီအေးတို့အိမ်သို့ အစန်း ရောက်ပြီး တစ်လလောက်အကြာတွင် ကိုဝေမိုးနှင့် စတင်ဆုံစည်းခဲ့ရ၏ ။ ကိုကြီးမင်းမော်နှင့်အတူ လိုက်လာ၍ ဖြစ်သည်။

မရှက်တမ်း ဝန်ခံရလျှင် ကိုဝေမိုးအား တွေ့ပြီး သိပ်မကြာခင် ရက်ပိုင်းမှာပင် တည်ကြည် လေးနက်သော သူ့မျက်နှာထား၊ ခိုးကြောင်ခိုးဝှက် နားထောင်မိသည့် အဓိပ္ပါယ်ရှိသော သူ့စကားများကြောင့် အစန်းစိတ်ထဲမှာ တိတ်တဆိတ် သဘောကျခဲ့ရသည်။ ရင်ခုန်တာ စိတ်လှုပ်ရှားခဲ့ရသည်။ သို့သော် မမျှော်မှန်းရဲခဲ့။ ကိုဝေမိုးက ကိုကြီးမင်းမော်တို့လို ဘွဲ့ရပညာတတ် တစ်ယောက်။ နောက်ပြီး... ကုမ္ပဏီတစ်ခုမှာ ဂုဏ်သိက္ခာရှိသော ရာထူးနှင့် အလုပ်အကိုင်ကောင်း

တစ်ခုကို လုပ်နေခဲ့သောသူ။

အစန်းကတော့ ဆယ်တန်းတောင် မအောင်ဘဲ မိသားစုစားဝတ်နေရေးကြောင့် နယ်မှတက်လာပြီး သူများအိမ်မှာ အိမ်ဖော်လုပ်နေရသူ။ ရုပ်ရည်အရလည်း ရုပ်ရှင်တွေထဲက အိမ်ဖော်မလေးများအဖြစ် သရုပ်ဆောင်ကြသော မင်းသမီးလေးများလို မှုန်ညက်အောင် ချောမောသူ မဟုတ်။ သာမန်ရွက်ကြမ်းရည်ကျိုအဆင့်ထက် နည်းနည်းလေး သာလွန်သည်ဟု ဆိုနိုင်အောင် ရုပ်ရည်မျိုးသာ ရှိ၏ ။

ထို့ကြောင့် ပြောရမယ်ဆို ကိုဝေမိုးနဲ့ အစန်းရဲ့ အနေအထားက မိုးနဲ့မြေ။ အလှမ်း ကွာလွန်းလှသည်။ ထို့အတွက် ကိုဝေမိုးအပေါ် ဖြစ်တည်ခဲ့မိသည့် တစ်ဖက်သတ် အချစ်တွေကို ရင်ထဲမှာသာ အစန်း မျိုသိပ်ထားခဲ့၏ ။ ဒီလိုပဲ ကိုကြီးမင်းမော်ဆီ ကိုဝေမိုးလာလျှင် သူ့စကားများအား တိတ်တဆိတ် နားစွင့်ရုံ၊ ပထမဆုံးတစ်ခေါက် လာတုန်းက အစန်း ဖျော်ပေးခဲ့စဉ် “သူကြိုက်သည်” ဟု ပြောခဲ့ဖူးသော ခါးခါးဆိမ့်ဆိမ့် ကော်ဖီလေး ဖျော်ပေးရုံ၊ သူ့အား ခိုးကြောင်ခိုးဝှက် ငေးကြည့်ရုံ… စသည့် အပြုအမူလေးများမှလွဲပြီး အစန်း ဘာမှ လှုပ်လှုပ်ခတ်ခတ် မနေပြခဲ့မိ။ မြန်မာမိန်းကလေးပီပီ “မြင်းကမလှုပ်၊ ခုံကလှုပ်” သည်ဟူသော အပြောမျိုးကို မခံချင်မိသလို ကိုယ့်ဘဝကိုယ် နားလည်မိသောကြောင့်ပင် ဖြစ်၏ ။

သို့သော် အန်တီအေးတို့အိမ်တွင် အလုပ်လုပ်ရင်း သုံးလကျော်ကျော် အကြာတွင် မယုံကြည်နိုင်လောက်စရာ အဖြစ်အပျက်တစ်ခု အစန်းရှေ့မှောက်သို့ တည့်တည့် ဆိုက်ရောက်လာခဲ့၏ ။ အခြားတော့ မဟုတ်။ ဘယ်လိုမှ မမျှော်လင့်ရဲခဲ့သော ကိုဝေမိုးထံမှ ချစ်ခွင့်ပန်သော စာလေးတစ်စောင်ကို အစန်း လက်ခံရရှိခဲ့ခြင်းသာတည်း။

ထိုနေ့ကို အခုတိုင် အစန်း မှတ်မိနေပါသေးသည်။

စနေနေ့ နေ့လယ်ခင်းတစ်ခုတွင် ထုံးစံအတိုင်း ကိုကြီးမင်းမော်က

ကိုဝေမိုးတို့ သူငယ်ချင်းတစ်သိုက်အား အိမ်ခေါ်လာခဲ့၏။ ထို့ကြောင့် သူတို့အတွက် ကော်ဖီဖျော်ကာ ဧည့်ခန်းမှာ သွားပို့ပေးခဲ့ရသေးသည်။ ထို့နောက် မီးဖိုခန်းထဲတွင် အစန်းတစ်ယောက်တည်း သန့်ရှင်းရေးလုပ်ရင်း သူတို့စကားများကို နားစွင့်နေမိဆဲ အနားသို့ ကိုဝေမိုး ရောက်လာခဲ့သည်။ ရုတ်တရက်မို့ အစန်း လန့်တောင်သွားမိ၏။ တစ်ခါမှ သူနဲ့နီးနီးကပ်ကပ် မရှိခဲ့ဖူးတာမို့ အစန်း ရင်တွေ တဖျပ်ဖျပ် တုန်ခါနေမိတာ ငလျင်ဒဏ်ခံရတဲ့ သစ်ပျိုပင်တစ်ပင်လို။

“ကိုယ့်ကို ရေခဲ့ရေတစ်ဘူးနဲ့ ဖန်ခွက်တစ်လုံးလောက် ပေးပါလား အစန်း”

ကိုဝေမိုးက တည်တည်ငြိမ်ငြိမ် လေသံဖြင့် ပြောလာသည်။ သို့သော် ရေခဲသေတ္တာ တံခါးလက်ကိုင်အား ဆွဲဖွင့်နေမိသော အစန်း၏ လက်တွေက တုန်ယင်နေရသည်။ နောက်… ဖန်ခွက်တစ်ခွက်နှင့် ရေဘူးအား လက်တစ်ဖက်စီကိုင်၍ ကိုဝေမိုးအား တည့်တည့်မကြည့်ရဲဘဲ ကမ်းပေးလိုက်၏။ ထိုစဉ် ကိုဝေမိုးထံမှ နူးညံ့ညင်သာသော လေသံတိုးတိုးလေးအား အစန်း နားနှင့်ဆတ်ဆတ် ကြားလိုက်ရ၏။

“အစန်းနဲ့ ပတ်သက်သမျှ ကိုယ် ခံစားနေရတဲ့ အကြောင်းလေးတွေကို ဒီစာလေးထဲမှာ ရေးထားတယ်။ ဖတ်ပြီးသွားရင် အစန်းကိုယ့်ကို ဘယ်လိုသဘောထားတယ်ဆိုတာ အကြောင်းပြန်ပါနော်”

စကားအဆုံးတွင် ကိုဝေမိုးက အရွယ်သေးသေးလေး ဖြစ်အောင် ခေါက်ထားသော စာခေါက်ကလေးအား ရေခဲသေတ္တာပေါ်သို့ လျှပ်တစ်ပြက် တင်လိုက်သည်။ နောက် အစန်း လက်ထဲမှ ရေဘူးနှင့် ဖန်ခွက်ကိုယူ၍ မီးဖိုခန်းထဲမှ အလျင်အမြန် ထွက်ခွာသွားခဲ့လေတော့တာ။

အစန်းမှာတော့ ရင်တစ်ခုလုံး ဝုန်းဒိုင်းကြဲကာ မီးဖိုခန်းထဲတွင် ကြက်သေသေလျက် ကျန်ရစ်ခဲ့လေသည်။ ကိုဝေမိုးနှုတ်မှ ပြောသွားသော

စကားများအား နားနှင့် ဆတ်ဆတ် ကြားလိုက်ရသော်လည်း စိတ်ထဲမှ မယုံကြည်နိုင်သလိုလို။ ဟင့်အင်း... မဟုတ်သေး၊ မယုံရဲသလို ခံစားမိခဲ့ရတာ ။

စက္ကန့်ပိုင်းလောက်ကြာမှ သတိပြန်ဝင်ကာ ရေခဲသေတ္တာပေါ်မှ စာခေါက်လေးကို အလျင်အမြန် လှမ်းယူ၍ လက်ကြားထဲ ဂှက်မိခဲ့သည်။ နောက်... မီးဖိုခန်းအနီးမှ အစန်း တစ်ယောက်တည်း အိပ်ရသော အခန်းကျဉ်းလေးထဲသို့ အမြန်ပြေးဝင်ကာ အတွင်းမှ ချက်ချသည်။ တုန်ယင်လှုပ်ရှားနေသော လက်အစုံ၊ အခုန်မြန်လွန်းနေသော နှလုံးသားတစ်စုံဖြင့် ကိုဝေမိုး၏ စာလေးကို အစန်း ဖွင့်ဖတ်ဖြစ်သည်။

စာတစ်စောင်လုံးအား အပြန်ပြန် အလှန်လှန် ဖတ်ရင်း မျက်ရည်ဝဲသည့်အထိ အစန်းရင်မှာ ဝမ်းသာကြည်နူးမိခဲ့ရပါသည်။ သိပ်မရှည်သော စာလေးထဲမှ...

“အစန်းကို ကိုယ်ချစ်တဲ့အချစ်က ကရုဏာတရားတွေကို အခြေခံပြီးမှ ချစ်တဲ့ အချစ်ပါ။ တခြားအတွေးတွေ တွေးပြီး ကိုယ့်ရဲ့အချစ်ကို ယုံမှားသံသယ မဖြစ်ပါနဲ့ အစန်းရယ်၊ သူများအိမ်မှာ အလုပ်လုပ်ရင်း သူများစိတ်နဲ့ ကိုယ့်ကိုယ် နေနေရတဲ့ အစန်းရဲ့ အမောတွေကို ကိုယ့်ရင်ခွင်မှာ မှေးစက်အနားယူစေချင်မိတာ ကိုယ့်ရဲ့ဆန္ဒ အစစ်အမှန်ပါပဲ...” ဟူသော ဝါကျလေးများက အစန်းရဲ့ စိတ်ဝိညာဉ်တစ်ခုလုံးအား အဆွဲဆောင်နိုင်ခဲ့ဆုံး။

ထို့ကြောင့် နောက်တစ်ခေါက် ကိုဝေမိုး အိမ်လာလည်ချိန်တွင် ချစ်တုံ့ပြန်သော စာလေးအား ကိုကြီးမင်းမော်တို့ မသိအောင် အရဲစွန့်ပြီး အစန်း ပြန်ပေးမိခဲ့တော့တာ။ ဟိုအရင်က တစ်ဖတ်သတ်ဖြစ်ခဲ့ရတဲ့ အစန်းရဲ့ ချစ်ခြင်းတွေကို ညီမျှခြင်းအပြည့်ဖြစ်သွားစေရအောင် သံစဉ်ညှိခဲ့လေတော့တာ။

သို့သော် ကိုဝေမိုးအား အစန်းတို့နှစ်ယောက်ကိစ္စကို လျှို့ဂှက်ထားပေးဖို့ တောင်းပန်ဖြစ်ခဲ့ ၏ ။ အခြားကြောင့်တော့ မဟုတ်။ အန်တီအေးတို့ မိသားစု

သိသွားမှာကို အစန်း ကြောက်လို့ပင် ဖြစ်၏ ။ အထူးသဖြင့် အန်တီအေးနှင့် ကိုကြီးမင်းမော်တို့ သိသွားမှာ အစန်း အကြောက်ဆုံး။ သူတို့သာ သိသွားခဲ့လျှင် မိုးမီးလောင်မှာ။ နောက် အစန်းကို ချက်ချင်း ရှာပြန်ပို့မှာ ကျိန်းသေနေတာမို့ပင် ဖြစ်၏ ။

ကိုဝေမိုးကလည်း ကိုကြီးမင်းမော်ကို မျက်နှာနာရမည့်ကိစ္စမို့ အစန်း၏ တောင်းပန်မှုအား ခြွင်းချက်မရှိ လက်ခံခဲ့၏ ။ ထို့ကြောင့် တစ်ပတ်သုံးခါလောက် ကိုဝေမိုး အိမ်လာလည်မှသာ အစန်းတို့နှစ်ယောက် တွေ့ခွင့်ရကြသည်။ သို့သော် ဆုံခဲ့လျှင်လည်း အခြားချစ်သူများလို တစ်ယောက်နှင့် တစ်ယောက် ယုယုယယနေခွင့် မရခဲ့ပါ။

မသိမသာလေး မျက်လုံးချင်း စကားပြောကြရသည်။ ပြုံးပြကြရသည်။ မတွေ့ရသော ရက်များအတွင်း ခံစားရသမျှအဖြစ်၊ ပြောချင်သော စကားတို့အား ကြိုတင်စာစီကုံးကာ လူ အလစ်တွင် တစ်ယောက်နှင့် တစ်ယောက် ဖလှယ်ကြရသည်။ ချစ်သူသက်တမ်း တစ်လျှောက်လုံး အပြန်အလှန် ရေးကြသော စာလေးများထဲမှာသာ ချစ်သူတွေလို ချစ်ခွင့်ရခဲ့ကြပါသည်။

“ဒါပေမယ့် အမျိုးသမီးတွေကလည်း အဲဒီ အချက်ကို အခြေခံပြီး ငါဟဲ့မိန်းမလို့ လက်မထောင် ကြွေးကြော် မနေသင့်သလို၊ အမျိုးသားတွေကလည်း သန်စွမ်းကြံ့ခိုင်မှု၊ ဦးဆောင် နိုင်မှုတွေကို အားကိုးပြီး အရမ်းမလွှမ်းမိုးသင့်။ ကိုယ်ထိလက်ရောက် အနိုင်မယူသင့်ဘူးလို့ ငါထင်တယ်။ အမျိုးသားတွေနဲ့ အမျိုးသမီးတွေရဲ့ ကြားမှာ အချင်းချင်း အပြန်အလှန် လေးစားမှု တစ်ခုသာ ရှိနေခဲ့မယ်ဆိုရင် အားလုံး အဆင်ပြေသွားမှာ သေချာတယ်”

ကိုဝေမိုးအသံက အတွေးမျှင်တန်းနေမိသော အစန်းနားထဲသို့ စီးမျောလာပြန်သည်။ သဘောကျနှစ်ခြိုက်စွာ အစန်း ပြုံးလိုက်မိပြန်၏ ။ ဟုတ်သည်။ ချစ်သူသက်တမ်းက နှစ်လလောက် သာ ရှိနေခဲ့သေးသော်လည်း ဒီလိုတည်ကြည်လေးနက်သော စကားများ ပြောတတ်သည့် ကိုဝေမိုးအား

အစန်းရင်မှာ တိုး၍ ချစ်ရသည်။ ချစ်တာမှ ရိုးရိုးချစ်တာတောင် မဟုတ်။ ယုံကြည်အားကိုးခြင်း၊ လေးစားခြင်းများစွာဖြင့် မြတ်မြတ်နိုးနိုး တန်ဖိုးထားကာ ချစ်မိရခြင်းသာတည်း။

မီးဖိုခန်းထဲမှ ပန်းကန်အသစ်တွေ ထည့်ထားသော နံရံကပ်မှန်ဗီရိုလေးရှေ့တွင် အစန်း ရပ်လိုက်သည်။ ဗီရိုတံခါးတွင် တပ်ဆင်ထားသော မှန်အကြည်များထဲမှာ ကိုယ့်ကိုယ်ကို သေချာ ပြန်ကြည့်၏။ ဆံပင်ကို အနည်းငယ် သပ်သပ်ရပ်ရပ်ဖြစ်သွားအောင် ပြုပြင်သည်။ နောက်... ကိုယ့်ကိုယ်ကို သေချာစစ်ဆေးမိ၏။

မညာစတမ်း ပြောရမည်ဆိုလျှင် ဒီနေ့က စနေနေ့။ ကိုကြီးမင်းမော်ဆီ ကိုဝေမိုးတို့လာမှာ ကြိုသိထားတာမို့ အကျႌလုံချည် အသစ်ကိုသာ အစန်း ဝတ်ချင်ပါသည်။ ကိုယ့်ချစ်သူ မျက်စိထဲမှာ ကိုယ့်ကိုယ်ကို လှနေစေချင်တာ မိန်းကလေးသဘာဝတစ်ခု မဟုတ်ပါလား။

သို့သော် ထူးထူးခြားခြား သွားစရာမရှိဘဲ အသစ်ထုတ်ဝတ်လျှင် အိမ်မှလူတွေ ရိပ်မိသွားမှာ စိုးရသည်။ ထို့ကြောင့် အခုတော့ တစ်ပတ်နွမ်း ပါတိတ်ဂမ်းဆက်လေးကိုသာ အစန်း ဝတ်ထားရ၏။ မှန်ထဲမှ ပုံရိပ်ကို ကြည့်ရင်း အနည်းငယ် တွန့်ကြေချင်နေသော အကျႌနှင့် လုံချည်တို့အား ပြန့်သွားအောင် သေသေချာချာ ဆွဲဆန့်လိုက်သည်။

ပြင်ဆင်လို့ စိတ်တိုင်းကျမှ ကော်ဖီဗန်းကိုမ,၍ အိမ်ရှေ့ထွက်ခဲ့သည်။ ဧည့်ခန်းအဝသို့ အရောက်တွင် စကားပြောနေရာမှ မသိမသာ လှမ်းကြည့်လာသော ကိုဝေမိုးနှင့် အကြည့်ချင်း ဆုံသွားသည်။ သူ့အကြည့်က ရွှန်းရွှန်းလဲ့လဲ့။ အစန်းရင်ထဲမှာ ဖိုခနဲ။ "လူမသိ၊ သူမသိ ခိုးစားရသော အသီးများဟာ အမှန်တကယ် ချိုမြိန်တတ်ပါလား" ဟု အစန်းတွေးမိ၏။

ဧည့်ခန်းစားပွဲပေါ်တွင် ကော်ဖီဗန်းကို ချလိုက်သည်။ ထိုအခါ

ကိုကြီးမင်းမော်တို့၏ စကားဝိုင်းက ခဏတိတ်ဆိတ်သွားသည်။ ကော်ဖီခွက်များအား အမှားအယွင်းမရှိအောင် ဗန်းပေါ်မှ ချပေးလိုက်သည်။ ခါးခါးဆိမ့်ဆိမ့် ကော်ဖီခွက်လေးအား ကိုဝေမိုး ရှေ့ဆီသို့…။

*

"လိမ်လိမ်မာမာနေနော်၊ ကြားလား… အစန်း။ ရွာမှာ အကြောင်းကြီးငယ်ကိစ္စတွေ တစ်ခုခုရှိရင် ကိုကြီးတို့ဆီ ဖုန်းဆက်၊ ကဲ… ရော့၊ ဒီမှာ အစန်းအတွက် ကားလက်မှတ်၊ ကားက ဆယ့်တစ်နာရီ ထွက်မှာနော်"

ကိုကြီးမင်းမော်၏ အသံက ကရုဏာအပြည့်အသိပ်ဖြင့်။ ခေါင်းညိတ်ပြရင်း အစန်း မျက်ရည်ဝဲချင်လာမိသည်။ အနည်းငယ်တုန်ချင်နေသော လက်တို့ဖြင့် ကားလက်မှတ်ကို လှမ်းယူမိတော့ ကိုကြီးမင်းမော်က မေး၏ ။

"လမ်းမှာစားသွားဖို့ ဘာဝယ်ပေးခဲ့ရဦးမလဲ"

အစန်း ခေါင်းခါပြလိုက်သည်။ တကယ်လည်း ဘာမှ မစားချင်ပါ။ စားချင်စိတ်လည်း မရှိ။ လက်ရှိအခြေအနေတွင် အစန်းရင်ထဲမှာ ဆို့နင်ကြေကွဲမှု တစ်ခုအား အလူးအလဲ ခံစားနေ ရတာ မို့ပင် ဖြစ်၏ ။

"ဒါဆိုရင် ကိုကြီးသွားတော့မယ်။ ဟုတ်ပြီလား၊ ကျန်းမာရေးကို ဂရုစိုက်ဦး"

ခေါင်းညိတ်ရင်း မျက်ရည်တစ်ပေါက်က ပါးပြင်ပေါ်သို့ စီးကျလာသည်။ ကိုကြီးမင်းမော်က စိတ်မကောင်းသလို ကြည့်ကာ သက်ပြင်းတစ်ချက် ချသည်။ နောက်… ခေါင်းဆတ်၍ အားပေးသလို ပြုံးကာ အစန်းအား ကျောခိုင်းထွက်သွားလေတော့၏ ။

မျက်ရည်များ ထပ်ကျလာပြန်သည်။ လက်ထဲမှ အပြာရောင် ခရီးဆောင် မြွေရည်ခွံအိတ်၏ ကိုင်းကြိုးမည်းမည်းလေးများအား ကျစ်ကျစ်ပါအောင် ဆုပ်ကာ

ကျောဘက်ရှိ ကားဂိတ် အဆောက်အဦဘက်သို့ မျက်မှာမူလိုက်သည်။

“အောင်ချမ်းသာ၊ ရန်ကုန်-ပဲခူး-ညောင်လေးပင်”

ဆိုင်းဘုတ်အောက်မှ ခရီးသည်များ နားနေဆောင်လေးထဲသို့ အစန်း ဝင်ခဲ့လိုက်သည်။ လွတ်နေသော ခုံတစ်လုံးတွင် ခရီးဆောင်အိတ်လေးအား ပေါင်ပေါ်တင်၍ နွမ်းလျစွာ ဝင်ထိုင်လိုက်သည်။ နံရံပေါ်မှ တိုင်ကပ်နာရီကို လှမ်းကြည့်မိတော့ ဆယ့်တစ်နာရီဆယ့်ငါး၊ ကားဂိတ် အဆောက်အဦအတွင်းမှာတော့ ခရီးသည်တွေ ဝင်လာလိုက်၊ ထွက်သွားလိုက်ဖြင့် အနည်းငယ် ဆူညံစည်ကားနေခဲ့၏ ။

လူအများကြားမှာမို့ ပါးပေါ်မှ မျက်ရည်စများကို လက်ခုံဖြင့် ပွတ်သုတ်လိုက်သည်။ နံဘေးရှိ ခုံများမှ အချင်းချင်း စကားပြောသံတွေကို ကြားနေရသည်။ တစ်ခရီးတည်းသွားဖို့ ကားထွက်ချိန် စောင့်နေရသည့် ခရီးသည်ချင်း အတူတူဖြစ်သော်လည်း သူတို့က အစန်းလို မဟုတ်။ ပျော်နေကြပုံ ရသည်။ အင်းလေ… အိမ်အပြန်လမ်းမှာ ဘယ်သူမဆို ပျော်နေကြမှာ။ ဒါဆို မပျော်နိုင်သူဟာ အစန်း တစ်ယောက်တည်းပဲလား။

မနေ့ညနေက အစန်းနားနဲ့ ဆတ်ဆတ်ကြားခဲ့ရသော စကားသံများ။ ထိုစကားသံတွေက ခုချိန်ထိတိုင် အစန်းရဲ့ရင်ထဲမှာ နာကျင်ကြေမွစွာ ပဲ့တင်ထပ်နေခဲ့ကြဆဲ။

အခြားတော့ မဟုတ်ပါ။

မနေ့ညနေက အန်တီအေးခိုင်း၍ လမ်းထိပ်တွင် အစန်း မုန့်ဟင်းခါး သွားဝယ်ရသည်။ အိမ်သို့ပြန်အရောက်၊ အန်တီအေး အခန်းရှေ့မှ မီးဖိုခန်းသို့ တိတ်ဆိတ်စွာ ဖြတ်အလျှောက်၊ အခန်းထဲမှ တိုးတိုးကြိတ်ကြိတ် လွင့်ပျံ့လာခဲ့သည့် အချီအချစကား ပြောနေသံများ။

“ဟာ… ဒါဆို ဘယ်ဖြစ်မလဲ မာမီရဲ့၊ ဝေမိုးနဲ့ဆို လုံးဝ မဖြစ်နိုင်ဘူး၊

ပြီးတော့ မာမီ ဘယ်လိုလုပ် သိတာလဲ၊ သူတို့နှစ်ယောက် တကယ်ကြိုက်နေတာ ဟုတ်ရော ဟုတ်ရဲ့လားဗျာ”

“သူတို့နှစ်ယောက် ကြိုက်နေကြတာတော့ သေချာတယ် သားကြီးရဲ့၊ ဘာဖြစ်လို့လဲ ဆိုတော့ စောစောတုန်းက အစန်း အခန်းထဲမှာ မီးပူတိုက်ဖို့ အဝတ်တွေ မာမီသွားထားတုန်း ကြမ်းပြင်ပေါ်က ပုရွက်ဆိတ်တွေ သူ့ဖျာအောက် ဝင်နေကြတာ တွေ့လို့ ခါပေးဖို့ သူ့ဖျာကို ဆွဲလှန်ရင်း ဖျာအောက်မှာ သူ ဂှက်ထားတဲ့ စာတွေကို မမျှော်လင့်ဘဲ မာမီ တွေ့ခဲ့တာ။ စာတွေက သားသူငယ်ချင်း မောင်ဝေမိုး ရေးပေးထားတဲ့ စာတွေချည်းပဲ။ ဒါနဲ့ နေပါဦး၊ မောင်ဝေမိုးက ဘာဖြစ်လို့လဲ သားကြီးရဲ့၊ သူက ခုတလော အိမ်ကို ခဏခဏ လာနေတဲ့ မင်းသူငယ်ချင်းပဲ မဟုတ်လား။ သူ့ပုံစံကြည့်ရတာ ဟော့ဟော့ရမ်းရမ်းလည်း မဟုတ်ဘူး။ အစန်း ဖျာအောက်က စာတွေကို မာမီတွေ့လိုက်ရတုန်းက သူတို့တွေကို သဘောတူဖို့အထိတောင် စဉ်းစားမလိုက်သေးတာ။ အဲဒါကြောင့် သားကြီးကို အရင်ဆုံး ခေါ်မေးတာပေ့ါ။ ဘာပဲဖြစ်ဖြစ် သူနဲ့သာဆိုရင် အစန်းလေး ဘဂက...”

“ဘယ်လိုမှ မဖြစ်နိုင်တာတော့ အမှန်ပဲ မာမီ၊ မာမီ မသိဘဲ ကိုယ်ထင်တာတွေချည်း လျှောက်တွေးမနေနဲ့၊ ဒီကောင်နဲ့ဆို အစန်းဘဂက မာမီပြောသလို လှလာမှာ မဟုတ်ဘူး”

“ဘာဖြစ်လို့လဲ သားကြီးရဲ့၊ မင်းပြောတာနဲ့ အစန်းအတွက် မာမီစိတ်တောင် ပူလာပြီ”

“ဘာဖြစ်လို့လဲဆိုတော့ ဝေမိုးမှာ အိမ်ထောင်ရှိတယ် မာမီရဲ့၊ နှစ်နှစ်အရွယ် သမီးလေး တစ်ယောက်တောင် ရှိနေတာ။ ဒီကောင်က အပြင်ပန်းသာ အဲ့ဒီလို၊ အပြင်မှာ ရှုပ်တာပွေတာကို ကျွန်တော်တို့လောက် မာမီက ဘယ်သိမှာလဲ၊ ဘယ်နေရာရောက်ရောက် တည်ကြည်ပုံပြပြီး မိန်းကလေးတွေရဲ့ အငုံစိတ်ဖြစ်တဲ့ လေးစားအားကိုးချင်တဲ့စိတ်ကို လှုံ့ဆော်ပြီး မသိမသာ ဖျားယောင်းတတ်တာ။ အီတတ်တာဗျ၊ ကျွန်တော်တို့က ဘော်ဒါအချင်းချင်းမို့၊ နောက်ပြီး သူ့များ

အလုပ်နဲ့ပတ်သက်ပြီး အခြားကောင်းတဲ့အကွက်လေးတွေ ရှိလို့ ဆက်ဆံနေကြရတာ ”

ကိုကြီးမင်းမော်၏ စိတ်ပူသံအဆုံးမှာ အစန်း တဒင်္ဂ သေဆုံးသွားခဲ့ရသည်။ ချက်ချင်း ဆိုသလို မျက်ရည်တွေဝိုင်း၍ ဒူးတွေတဆတ်ဆတ် တုန်ယင်လာမိ၏ ။

“ဟာဗျာ၊ မဖြစ်ပါဘူး၊ အစန်းကို နက်ဖြန်ပဲ ရွာပြန်ဖို့ ပြောလိုက်တော့ မာမီ၊ ကျွန်တော် ကိုယ်တိုင် ကားဂိတ်လိုက်ပို့လိုက်မယ်၊ မာမီပြောရင်လည်း ဝေမိုးကိစ္စကြောင့် ပြန်ပို့တယ်ဆိုတာ အစန်း မသိအောင် တစ်ဖက်လှည့်ပြီး သေချာပြောပါဦး၊ ပြောရရင် ကျွန်တော်တို့ လက်ထဲမှာ ဝေမိုးနဲ့ တစ်ခုခုဖြစ်သွားရင် မကောင်းဘူး၊ ဟုတ်တယ် မှတ်လား မာမီ၊ ကျွန်တော်တို့ တာဝန် မကင်းဘူး၊ ဘာပဲဖြစ်ဖြစ် အစန်းက ကျွန်တော်တို့နဲ့ ဆွေမျိုးနီးစပ်တော်တဲ့ ရိုးရိုးသားသား မိန်းကလေးတစ်ယောက်မို့လား။ တောက်… ဒီကောင်ဝေမိုးကွာ၊ အေးလေး… ငါကလည်း ငါပါပဲ၊ ဒီကောင့်အကြောင်းကို သိရဲ့သားရဲ့ အိမ်ကို ခဏခဏ လာနေတာ မတားမိတာကိုး”

ကိုကြီးမင်းမော်ရဲ့အသံက တကယ့်ကို ခံပြင်းဒေါသ ထွက်နေခဲ့လေတာ။ ဆက်ပြီး ကြားနိုင်စွမ်းမရှိတော့တာမို့ အခန်းရှေ့မှ အစန်း တိတ်တိတ်လေး ထွက်ခွာခဲ့မိတော့တာ။

ဘာရယ်မဟုတ်ဘဲ နားစွင့်မိခဲ့တဲ့ အစန်းမှာပဲ အပြစ်ရှိသလား၊ အဖြစ်မှန်ကို ဖုံးကွယ်ပြီး အစန်းကို လိမ်ညာချစ်ရေးဆိုခဲ့တဲ့ ကိုဝေမိုးမှာပဲ အပြစ်ရှိသလာ။ ဒါမှမဟုတ်… အပြင်ပန်း အသွင်အပြင်ကို ကြည့်ပြီး အထင်ကြီးလေးစားကာ ချစ်မိခဲ့တဲ့ အစန်းမှာပဲ အပြစ်ရှိနေခဲ့မလား။ ဟင့်အင်း… အစန်းမတွေးတတ်တော့။

သို့သော်… အခုတော့…

"ရွာမှာ နင့်အမေ ကျန်းမာရေး သိပ်မကောင်းဘူးတဲ့၊ နင့်ကို ခဏပြန်လာဦးလို့ ငါတို့ကို ဖုန်းဆက်တယ်။ အဲ့ဒါ နင် ခဏပြန်လိုက်ဦး၊ နက်ဖြန်ကျ နင့်ကို သားကြီးက ကားဂိတ်လိုက်ပို့လိမ့်မယ်.." ဟူသော အန်တီအေး၏ အလိမ္မာစကားကို နာခံ၍ ရွာပြန်ရမည့် ကားဂိတ်ကို အစန်းရောက်နေခဲ့ရပြီ။ နှလုံးသားတွေ သွေးစိမ်းရှင်ရှင်ထွက်ရလောက်အောင် နာကျင်ကွဲအက်စေခဲ့သည့် ရန်ကုန်မြေကို အပြီးအပိုင် နှုတ်ဆက်ရတော့မည်။

နားနေဆောင်ထဲမှ ခရီးသည်တွေ လှုပ်လှုပ်ရွရွ ဖြစ်လာတာ တွေ့ရသည်။ ဂိတ်ရှေ့မှ အစန်းတို့စီးရမည့် အဝေးပြေး ကားကြီးဆီမှ စက်နှိုးသံ တဂျုံးဂျုံးကိုလည်း ကြားမိသည်။ နားနေဆောင် အပြင်ဘက်တွင်လည်း ပလတ်စတစ်ခြင်းတောင်းလေးများဖြင့် အလုအယက် ဈေးခေါ်နေကြသော လက်ပွေ့ဈေးသည်တွေက ပိုများလာသလိုလို။

မကြာခင် ကားထွက်တော့မည် ထင်သည်။ နားနေဆောင်နံရံပေါ်မှ တိုင်ကပ်နာရီကို မော့ကြည့်လိုက်တော့ ဆယ့်တစ်နာရီလေးဆယ့်ငါး။

စိတ်ကို ယတိပြတ်ဆုံးဖြတ်၍ မြွေရည်ခွံခရီးဆောင်အိတ်လေးကို ဆွဲကား အစန်း ထရပ်လိုက်၏ ။ နောက်... ကားလက်မှတ်ရောင်းနေသော စားပွဲခုံလေးနားသို့ လျှောက်သွားလိုက်သည်။ စားပွဲရှေ့တွင် အစန်းရပ်လိုက်တော့ တစ်စုံတစ်ရာကို ငုံ့ရေးနေသော လက်မှတ်ရောင်းသူ အန်တီကြီးက မော့ကြည့်လာသည်။

"ဘယ်နှနာရီကားလဲ သမီး"

"ဟင့်အင်း... သမီးက ခုထွက်မယ့် ဆယ့်နှစ်နာရီကားနဲ့ လိုက်မှာပါ၊ ဖုန်းခဏ ဆက်ချင်လို့၊ တစ်ခါဆက်ရင် ဘယ်လောက်လဲ မသိဘူး"

"ဩော်... ဆက်ပါ၊ ရပါတယ်၊ တစ်မိနစ် ငါးဆယ်"

"ဟုတ်... ဒါဆို သမီးကို ဒီနံပါတ်လေး တစ်ချက်လောက်

ခေါ်ပေးပါနော်”

ပြောရင်း.. ခရီးဆောင်အိတ်ကို ခြေထောက်အနီးမှ ကြမ်းပေါ်ချကာ ပိုက်ဆံအိတ်လေးထဲမှ ဖုန်းနံပါတ်ရေးထားသော စာရွက်ခေါက်လေးအား ထုတ်၍ အန်တီကြီးရှေ့သို့ ချပေးလိုက်သည်။ အန်တီကြီးက ဖုန်းခွက်ကို နားနားကပ်၍ အစန်း ပေးထားသော စာရွက်လေးကို ကြည့်ကာ ဂဏန်းများကို တစ်လုံးချင်းစီ နှိပ်နေလေ၏ ။ နောက်... ဖုန်းခွက်ကို နားနားကပ်ကာ ငြိမ်ပြီး နားထောင်နေ၏ ။ ဒါကို ကြည့်ရင်း အစန်းရင်ထဲမှာ အခုန်မြန်လာသည်။

ဘုရား၊ ဘုရား အစန်းအတွက်ဆိုပြီး စာတစ်စောင်ထဲမှာ ကိုဝေမိုး ရေးပေးခဲ့တဲ့ သူ့ဖုန်းနံပါတ်လေး အမှားဖြစ်မနေပါစေနဲ့။

“ဟယ်လို... ခဏကိုင်ထားပါနော်”

အန်တီကြီးအသံကြောင့် အစန်းတစ်ကိုယ်လုံး ဆတ်ခနဲ တုန်သွားမိ၏ ။ အန်တီကြီးက အစန်းကို မော့ကြည့်ရင်း ဖုန်းခွက်ကို ကမ်းပေးလာသည်။ အနည်းငယ်တုန်ချင်နေသော လက်အစုံဖြင့် ဖုန်းခွက်ကို နားနားကပ်လိုက်မိစဉ် အိမ်မက်ထဲအထိ စွဲလမ်းဖူးသော အသံကို ကြားလိုက်ရသည်။

“ဟယ်လို... ဝေမို ပြောနေပါတယ်ခင်ဗျာ၊ ဘယ်သူပါလဲ”

တည်ငြိမ်မှုကင်းမဲ့နေသော အောက်နှုတ်ခမ်းကို ခပ်ဖွဖွကိုက်၍ အစန်းပြောမိသည်။။

“ကိုဝေမိုးလား၊ အစန်းပါ”

“ဟာ... အစန်း၊ ဘာလဲ အစန်း၊ ဘာကိစ္စရှိလို့လဲ၊ ကိုယ့်ဆီဖုန်းဆက်တာ ဝမ်းသာလိုက်တာကွာ၊ ဒါနဲ့ ဘယ်ကနေ ဆက်နေတာလဲ”

ကိုဝေမိုးအသံက လှိုက်လှိုက်လှဲလှဲ၊ ဝမ်းပန်းတသာ။ ကြည့်စမ်း၊ သူ့အသံက အပြစ်ကင်းစင်လွန်းနေခဲ့သလို ပါပဲလား။ မျက်ရည်တို့က ရုတ်တရက်

ပဲတက်လာမိပြန်သည်။ ဖုန်းခွက်ကို ကျစ်ကျစ်ပါအောင် ဆုပ်၍ အစန်း ပြောလိုက်သည်။

"အစန်း ခုဆက်နေတာက အောင်မင်္ဂလာ အဝေးပြေးကားဝင်းထဲကပါ ကိုဝေ၊ အစန်းရွာ ပြန်တော့မှာ မို့လို့ပါ"

"ဟာ... ဘယ်လိုဖြစ်တာလဲ၊ ရုတ်တရက်ကြီးပဲ။ ကိုတောင် ဘာမှမသိလိုက်ရပါလား အစန်းရယ်၊ နေဦး ကားက ဘယ်အချိန် ထွက်မှာလဲ၊ ကိုယ် အခုလာခဲ့မယ်၊ ဘယ်ကားဂိတ်တွေဘက်လည်း ဆိုတာ တစ်ခါတည်း ပြောဦး"

ကိုဝေမိုးအသံက ပျာပျာသလဲ၊ သူမြင်နိုင်မှာ မဟုတ်သော်လည်း နာကျင်စွာပြုံး၍ ခေါင်းခါရင်း...

"ဟင့်အင်း၊ မလာပါနဲ့။ လာလည်း အချိန်မမီတော့ပါဘူး၊ အချိန်မီမယ်ဆိုလည်း ရှင့်ကို အစန်း မတွေ့ချင်၊ မမြင်ချင်တော့ပါဘူး ကိုဝေ၊ စကားတစ်ခွန်း ပြောချင်လို့ အခု အစန်း ရှင့်ကို ဖုန်းဆက်လိုက်တာပါ။ အိမ်ထောင်ရှိရဲ့သားနဲ့ ရိုးသားတဲ့ မိန်းကလေးတွေရဲ့ အချစ်ကို သားသမီးချင်း ကိုယ်ချင်းစာနာပြီး ထပ်မဖြားယောင်းဖို့ပါပဲ"

တစ်ဘက်မှနေ ဘာအသံမှ ထပ်မကြားရတော့။ ကြည့်ရတာ တည့်တည့်ထိသွားလေပြီ ထင်သည်။ ကျေနပ်စွာပြုံးရင်း စကားပြောခွက်အား ဖုန်းပေါ်ပြန်တင်လိုက်သည်။ နောက်... တစ်ရာတန် အနွမ်းလေးတစ်ရွက်အား အန်တီကြီးရှေ့တွင် လက်နှစ်ဖက်နှင့် ရိုရိုသေသေ ချပေးကာ အပြုံးမျက်နှာဖြင့် လှည့်ထွက်ခဲ့လိုက်သည်။

ကိုဝေမိုးအား ပြောချင်နေသော စကားများကို သေသေချာချာ ပြောခွင့်ရလိုက်တာမို့ အစန်း ရင်ထဲမှာ ကျေနပ်နှစ်သိမ့်နေမိသည်။ အားရနေမိသည်။ ဟုတ်သည်။ ဆင်းရဲသော်လည်း သူများအသိုက်အမြုံကို ဖျက်ဆီးဖို့အထိတော့ အစန်းရဲ့သွေးတို့က ပြာနှမ်းမနေခဲ့သေးသလို၊ ဒီလိုလူမျိုးကိုလည်း ဘာမှမတုံ့ပြန်ဘဲ

ထွက်မသွားနိုင်ပါ။

စက်နှိုးထားပြီဖြစ်သော ကားကြီးနားသို့ ရောက်လာသည်။ ကောင်းကင်မှာတော့ မိုးသားများက မှိုင်းမှိုင်းညို့ညို့။

"ပီကေတွေရမယ်၊ သကြားလုံးတွေရမယ်၊ တစ်သျှူးတွေရမယ်၊ လမ်းမှာ အမူးအမော်ပြေ စားဖို့ ချိုချဉ်လေး ဘာလေး ဝယ်သွားပါလား အစ်မ"

ကားပေါ်တက်ခါနီး အနားမှအသံကြောင့် ဘေးဘက်သို့ အစန်း လှည့်ကြည့်မိလိုက်သည်။ ရောင်းချင်နေသော မျက်နှာလေးဖြင့် ကောင်လေးငယ်ငယ် တစ်ယောက်ကို တွေ့ရ၏။ သနားစိတ်ဖြင့် နည်းနည်းဝယ်ဖို့ အစန်း ဆုံးဖြတ်လိုက်မိစဉ်...

"အစန်း"

အမောတကော ခေါ်သံကြောင့် လှမ်းကြည့်မိလိုက်သည်။ အံ့ဩစိတ်ဖြင့် အစန်း၏ နှုတ်ခမ်းအစုံမှာ ခပ်ဟဟ ပွင့်သွားမိ၏။ ရင်တွင်းမှ တိတ်တဆိတ် ခေါ်လိုက်မိသည်။ "မြင့်နိုင်" ပါလား...။

ဈေးသည်လေးအား မဝယ်တော့ဟု အစန်း ခေါင်းခါပြလိုက်သည်။ ဈေးသည်လေး ထွက်သွားတော့ အနားမှာ ရပ်နေခဲ့သော သူ့ကို ကြည့်မိ၏။

ကြည့်စမ်း။

တစ်ကိုယ်လုံးလည်း ချွေးတွေရွှဲနစ်လို့။ သူ့ပုံကို ကြည့်ရတာ အရမ်းမောနေပုံ ရသည်။ မျက်နှာကလည်း အဆီတွေ ပြန်နေခဲ့၏။ အဝတ်အစားတွေကလည်း သူ ဆိုက်ကားနင်းတိုင်း ဝတ်နေကျ အဝတ်အစားတွေနှင့်။ ပုံစံက လိုတာထက်ပိုပြီး နွမ်းဖတ်ဖတ်။

"အစန်းရယ်... တကယ်ပြန်တော့မှာလားဗျာ"

သူ့အသံက မောဟိုက်သံအပြည့်ဖြင့်။ ထို့ပြင် ဆို့နင့်နေခဲ့သေးသလိုပင်။

ဘာရယ်မှန်း မသိ၊ အစန်းရင်ထဲမှာ ဝမ်းနည်းသလို ခံစားလာရ၏ ။ အစန်း ခေါင်းညိတ်ပြရင်း သူ့ခြေထောက်များကို ငုံ့ကြည့်လိုက်သည်။ အဖြူရောင် သိပ်မရှိတော့သော ဆင်ကြယ်ဖိနပ်တစ်ရံပေါ်မှ သူ့ခြေထောက် တစ်စုံပေါ်မှာ ဖုံမှုန့်တွေက ကသီကရီ။

"ဩော်... ကျွန်တော် ထင်မိတာ တကယ်ပဲကိုး။ ကျွန်တော်တို့ဆိုက်ကားဂိတ် ရှေ့ကနေ အစန်းတို့ မောင်နှမနှစ်ယောက် အထုပ်အပိုးနဲ့ တက္ကစီကားငှားစီးသွားကြတာ မြင်လိုက်ရတော့ ကျွန်တော် ဘယ်လိုမှ မနေနိုင်တော့ဘူး။ အဲဒါနဲ့ နောက်ကနေ ကားငှားပြီး ချက်ချင်း လိုက်လာမိတာ။ ဒါပေမယ့် ကျွန်တော်ငှားတဲ့ ကားက နည်းနည်း နောက်ကျမှ ဒီကားဝင်းထဲကို ရောက်တာ။ ဒီထဲလည်း ရောက်ရော အစန်းကို ရမ်းသမ်းပြီး လျှောက်ရှာရင်း တစ်ခါ အန်တီပြောခဲ့ဖူးတဲ့ အစန်းရဲ့ဇာတိကို ပြန်သတိရမိတော့မှ ပဲခူး-ညောင်လေးပင် ကားဂိတ်ဘက်ကို ရောက်လာတာ၊ အခုတော့ အစန်းက..."

သူ့စကားသံတွေက အဖျားမှာ တုန်ယင်သွားကြသည်။ အစန်းရင်ထဲမှာ ကရုဏာ ဖြစ်စိတ်တို့က လူးလွန့်နိုးထလာကြသလိုလို။ ခေါင်းမော့ကာ ကြည့်လိုက်တော့ ညိုစိုသော မျက်နှာပေါ်မှ သူ့မျက်ဝန်းတစ်စုံထဲမှာ မျက်ရည်စတွေ ဝေ့ဝေ့သီလို့။

"ကျွန်တော့်ကို အစန်း သဘောမကျတာ၊ ကြည့်မရတာ ကို ကျွန်တော် သိပါတယ်။ ဒါပေမယ့် ကျွန်တော်ကတော့ အစန်းကို သိပ်ချစ်ပါတယ်ဗျာ၊ ခုနတုန်းကဆို အစန်းကို နောက်ထပ် မတွေ့ရတော့မှာ၊ ပြောခွင့်မရတော့မှာကို တွေးပြီး ဒီအောင်မင်္ဂလာ ကားဝင်းထဲမှာ အရူးတစ်ယောက်လို ပြေးလွှားရှိနေမိတဲ့ အထိပါပဲ"

လှိုင်းထနေသော သူ့စကားသံတွေကို နားထောင်ရင်း အစန်း ရင်ထဲ အေးခနဲ။ ထိုစဉ် ကားဟွန်းတီးသံကို ကြားလိုက်ရ၏ ။ နှစ်ယောက်သား အကြည့်ချင်းဆုံမိသွားကြ၏ ။ သူက အစန်းကို ခပ်ဆွေးဆွေး ကြည့်နေခဲ့၏ ။

“ကားထွက်တော့မယ် ထင်တယ်၊ အစန်း သွားတော့မယ်နော်…
ကိုမြင့်နိုင်”

“ခဏလေးပါ အစန်းရယ်…”

ပြောပြောဆိုဆိုဖြင့် အစန်းလက်ဖျားလေးကို သူက လှမ်းဆွဲ၏ ။ အစန်း
မရုန်းဖယ်မိ၊ ရင်ထဲမှာလည်း နွေးခနဲ…။

“အဲဒါကြောင့် ကျွန်တော့်ကို အစန်းနဲ့ အတူတူ ရှိနေခွင့်ပေးပါနော်။
အတန်းပညာမတတ်တဲ့ ကျွန်တော်မှာ ပိုင်ဆိုင်မှုတွေလည်း သိပ်မများပါဘူး။
ဆယ်ပေလောက်ကျယ်တဲ့ ခြံလေးထဲက ကိုယ်ပိုင်ဓနိမိုးထရံကာ
အိမ်လေးတစ်လုံးရယ်၊ အိမ်မှာ အိမ်ဆိုင်သေးသေးလေး ဖွင့်ထားတဲ့
အမေအိုတစ်ယောက်ရယ်၊ ဆိုက်ကားတစ်စီးရယ်ပဲ ရှိပါတယ်။ ဒါပေမယ့်
အစန်းကိုတော့ တစ်သက်လုံး မြတ်မြတ်နိုးနိုးနဲ့ ကြင်ကြင်နာနာ ပေါင်းသွားမှာပါဗျာ။
အဲဒါကြောင့်မို့ အစန်းသာ ကျွန်တော့်အချစ်ကို လက်ခံမယ်ဆို အစန်းတို့ရွာက
မိဘတွေဆီမှာ အိမ်က အမေ့ကိုခေါ်ပြီး မိသားဖသားပီပီ ကျွန်တော်
လာတောင်းပါရစေ”

ကားဟွန်းတီးသံ ကြားရပြန်သည်။ သူက အစန်းလက်လေးကို
လွှတ်ပေး၏ ။ မျှော်လင့်ခြင်းများစွာဖြင့် အစန်းအား ငေးရီကြည့်မဂ ဖြစ်နေသော
သူ့ကို ပြုံးကြည့်ကာ ပြောလိုက်သည်။

“အစန်းတို့ရွာကို လာမယ်ဆို ညောင်လေးပင်ကားဂိတ်မှာ ဆင်းပြီး
“……” ဆိုတဲ့ ရွာနာမည်လေးကို မေးလိုက်ရင် ဆိုင်ကယ်ကယ်ရီသမားတိုင်း
သိပါတယ် ကိုမြင့်နိုင်”

သူ့မျက်လုံးတွေက လက်ခနဲ။ သို့သော် မျက်ရည်တို့က သီသီဝေ့နေကြဆဲ၊
အိုကွယ်… ဒါဟာ သူ့ရဲ့ကြည်နူးခြင်း မျက်ရည်တွေဆိုတော့ အစန်းသိသားပဲ။

သူ့ကို လည်ပြန်ကြည့်ရင်း ကားပေါ်တက်ဖို့

အစန်းခြေတစ်လှမ်းစလိုက်သည်။ ထိုစဉ် စောစောက ညိုနေခဲ့သော မိုးတို့က ခပ်ဖွဲ့ဖွဲ့ စတင်ရွာကျလာခဲ့လေတော့၏ ။

ချစ်ခြင်းအားဖြင့်

ဏီလင်းညို

*